ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (18-5-2012) (၇၁၂၄)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် UNDP ပုံမှန်အစီအစဉ်များ ပြန်လည်စတင်ဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များပါဝင်သော စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စွမ်းရည်တိုးမြှင့်ရေးအတွက် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အကူအညီပေးရေး၊ ၂၀၁၃ ခုနှစ်မှစ၍ (၃)နှစ်စီမံချက်ဖြင့် အမေရိကန်ဒေါ်လာ ၁၄၄ သန်းတန်ဖိုးရှိ လုပ်ငန်းများဖြင့် ကူညီထောက်ပံ့ရေး၊ မြန်မာနိုင်ငံတွင် UNDP ရုံးခွဲ ဖွင့်လှစ်ဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့်ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့်ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Nafis Sadik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာ၌ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတကာအကူအညီများ ပိုမိုရရှိရေးနှင့် အသိပညာဖြန့်ဝေမှုလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေး၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များ အပြန်အလှန်မျှဝေရေးနှင့် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အကူအညီများရရှိရေး၊ ကျန်းမာရေးကဏ္ဍတွင် လိုအပ်သည့် ဥပဒေရေးရာဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့် ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Nafis Sadik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၈-၅-၂၀၁၂[သောကြာနေ့]။

# အညတရဝန် ထမ်းဆောင်

မိမိ၏ဂုဏ်ကို မဖော်ထုတ်သောသူသည် လူသူတော်ကောင်း မည်သည်ဟု နီတိဆရာတို့က ဆိုထားသည်။ မိမိဂုဏ်ကိုထုတ်ဖော်ခြင်း ဆိုသည်မှာ မိမိစွမ်းဆောင်နိုင်မှုကိုပြသခြင်းတို့သာမက မိမိလုပ်ဆောင်မှု အရည်အချင်းကိုပြသခြင်းဟူသည့် ဂုဏ်ဖော်ခြင်းပင်ဖြစ်သည်။

ဂုဏ်ဖော်ခြင်း၏ဆန့်ကျင်ဘက်သည် ဂုဏ်မဖော်သူ အညတရဟု ဆိုသည်။ အညတရဟူသောဝေါဟာရကို ပါဠိသက်၌ 'တပါးသော' ဟူ၍ ဘာသာရေးအရဆိုထားသည်။ မြန်မာဝေါဟာရအဘိဓာန်တွင် 'အမျိုးအမည်မထင်ရှားသူ၊ သာမညလူ' ဟုပုထုဇဉ်လောကအရ ဆိုထားသည်။ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌ လုပ်ငန်းအနေဖြင့်ဆိုလျှင် အညတရနှင့်သမူဟဖြစ်၏။ ထင်ပေါ်ကျော်ကြားမှုအတွက်မူ အညတရနှင့် ဝိရောဓိဖြစ်လာ၏။

အညတရ၏အရသာသည် နှစ်သက်ဖွယ်ဖြစ်၏။ နှစ်သက်ဖွယ်ဖြစ်သော်လည်း ထိုနှစ်သက်ဖွယ်ကို လက်ခံသူ၊ အသိအမှတ်ပြုသူနည်းပါးလှ၏။ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာတွင် ထင်ပေါ်ကျော်ကြားလူသိများလိုသူမှာ များလှ၏။

အမှန်တွင် လုပ်ငန်းတစ်ခုကိုဆောင်ရွက်ရာ၌ မိမိဆောင်ရွက်နေသည်တို့ကို မြင်သာရန်မလိုဘဲ လုပ်ငန်းအောင်မြင်မှု၊ တိုးတက်မှုသည်သာ လိုရင်းဖြစ်၏။ ယင်းသည် အညတရ သဘောဆောင်၏။ ဂုဏ်မဖော်ဘဲ အညတရဆောင်ခြင်းသည် မွန်မြတ်လှ၏။ ထို့အပြင် လုပ်ငန်းတစ်ခုအောင်မြင်စေရန် နောက်ကွယ်မှ ကြိုးပမ်းဆောင်ရွက်သူများလေ ထိုလုပ်ငန်းလည်း အောင်မြင်မှုတည်တံ့ခိုင်မြဲလေ ဖြစ်၏။

လူ့ဘဝတစ်သက်တာ၌ ထင်ပေါ်ကျော်ကြားမှုဟူသည်မှာ ဘဝသံသရာနှင့်နှိုင်းစာလျှင် သမုဒ္ဒရာရေမျက်နှာထက် ခဏတက်သည့်ရေပွက်ပမာမျှသာ ရှိပါ၏။ လောကသံသရာတွင် လူ့ဘဝသက်တမ်းသည် ရေပွက်ပမာမျှသာဖြစ်ရာ မိမိထင်ပေါ်မှုထက် အများအကျိုးဖြစ်ထွန်းမှု ဦးစားပေးခြင်းသည်သာ လောကအလိုဖြစ်၏။

ယနေ့မျက်မှောက်ကာလတွင် လူမှုဘဝတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရာ၌ အလားတူပင်ဖြစ်၏။ မိမိလုပ်ဆောင်ပြနိုင်မှုကို သိရှိစေရန်ထက် လောကကောင်းကျိုးဖြစ်ထွန်းရေးကို မည်သူမျှမသိ လောကက သိရှိခံစားနိုင်သည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုမျိုးကို လုပ်ဆောင်ကြရန် လိုအပ်နေ၏။ ဤလောကဝယ် အချို့နေရာဌာနများ၌ နောက်ကွယ်မှ ကြိုးပမ်းဆောင်ရွက်ပေးနေသူ အမြောက်အမြားရှိရာ ထိုပုဂ္ဂိုလ်များအတွက် ကျွန်ုပ်တို့ ချီးကျူးထောမနာပြုကြရမည်ဖြစ်၏။ ထိုသူများမှာ ဂုဏ်မဖော်ပြလိုသူ အများအကျိုးဆောင်လိုသူများ ဖြစ်၏။

'ပတ္တမြားမှန်လျှင် နွံမှာမနစ်' ဆိုသကဲ့သို့ ထိုပုဂ္ဂိုလ်များ၏ စွမ်းဆောင်မှုများသည် သမိုင်းတွင်ကျန်ရစ်မည်သာဖြစ်၏။ သာဓကအားဖြင့် သာသနာပြုပုဂ္ဂိုလ်များသည် သာသနာထွန်းကားရေးစွမ်းဆောင်မှုပြုကြရာတွင် စွမ်းနိုင်ကြောင်းထုတ်ဖော်ပြသခဲ့ခြင်းမဟုတ်ဘဲ သာသနာသမိုင်းကို ရေးထိုးသူများကသာ ထိုပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်၊ ဂုဏ်ပုဒ်တို့ကို ကမ္ပည်းမော်ကွန်းတင်ခဲ့ကြလေသည်။

ယခင်ကာလက မိမိလုပ်ဆောင်ချက်၊ မိမိဂုဏ်များကို ပေါ်လွင်ထင်ရှားစေရန်အတွက် ဖော်ထုတ်သက်သေပြသော်လည်း လက်တွေ့နယ်ပယ်နှင့် ကွာဟမှုများရှိသည့်သာဓကများ ရှိခဲ့ပြီးဖြစ်သည်။ အောင်မြင်တိုးတက်သောနိုင်ငံများတွင် လူထက် အလုပ်ဖြင့်သက်သေပြကြသည်။ ထိုအလုပ်၏သက်ရောက်မှုကို ပြည်သူပြည်သားများ အပြည့်အဝ လက်ခံမှုဖြင့်သာ တိုင်းတာသဖြင့် လက်တွေ့ဘဝတွင် အောင်မြင်မှုများရလာကြသည်။

ထို့ကြောင့် လုပ်ငန်းတစ်ခုတိုးတက်ဖို့ ဆောင်ရွက်မှုပြုကြရာတွင် အလုပ်ဖြင့်သက်သေပြကြရန်ဖြစ်ပြီး အပြသက်သက်ဖြင့် လတ်တလောလူသိအောင်သက်သေမပြမိဖို့လိုမည်ဖြစ်သည်။ သို့မှ အများလက်ခံနိုင်သည့် ပကတိအရှိတရားကို ရောက်မည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးအနေဖြင့် စစ်မှန်သည့်ပကတိအရှိတရားရရှိစေရန် ထင်ပေါ်မှုထက် အကျိုးစီးပွားဖြစ်ထွန်းရေးကို အလေးပေးသည့် အညတရဝန် ထမ်းဆောင်သူများအဖြစ် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြမည်ဆိုလျှင် လောက၏ကောင်းကျိုးချမ်းသာများလည်း ဧကန်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြင်သစ်သံအမတ်ကြီးနှင့် Mitsubishi Corporation မှ ကိုယ်စားလှယ်အဖွဲ့တို့ သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျပန်နိုင်ငံ Mitsubishi Corporation Senior Vice President Mr. Yukinori Horguchi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင် လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အထူးထုတ်လုပ်ထားသည့် စက်ယန္တရားကြီးများ၊ အခြားစက်ယန္တရားကြီးများနှင့် စပ်လျဉ်းသည့်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးမှ တောင်သူများ ရွှေတောင်စပ်မျိုးစပါး သုတေသနစိုက်ခင်းလေ့လာ

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရွှေတောင်စပ်မျိုးစပါး သုတေသနစိုက်ခင်းတွင် မေ ၁၄ ရက်က တောင်သူပညာပေးကွင်းပြပွဲ ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးကြသည့် တောင်သူများ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ အဆိုပါ ကွင်းပြပွဲတွင် ရွှေတောင်စပ်မျိုးစပါး သုတေသနစိုက်ခင်း တာဝန်ခံညွှန်ကြားရေးမှူး ဦးနိုင်ကြည်ဝင်းက စပ်မျိုးစပါးအဖိုလိုင်း အမလိုင်းများစိုက်ပျိုးခြင်း၊ ပုလဲသွယ်စပ်မျိုးစပါးနှင့် ဘာစမာတီစပ်မျိုးစပါး စိုက်ပျိုးပုံအဆင့်ဆင့်၊ စပါးပန်းဝတ်မှုန်ကူးခြင်း၊ အဖိုလိုင်း အမလိုင်းစပါးပင်များ ကောက်ပင်ကောက်တန်းအကွာအဝေး အလိုက်စိုက်ပျိုးခြင်း၊ အဖိုလိုင်း အမလိုင်းများ ပန်းပွင့်ချိန်တူညီအောင် ညှိပေးခြင်း၊ ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄) ချက်နှင့်အညီ စိုက်ပျိုးနည်းများကို ဓာတ်ပုံ၊ မှတ်တမ်းများဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ရွှေတောင်စပ်မျိုးစပါး သုတေသနစိုက်ခင်းအတွင်း စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း ဧက ၁၀၀ နှင့် ဘာစမာတီစပ်မျိုးစပါး စိုက်ခင်း ဧက ၁၀၀ ဖြစ်ထွန်းအောင်မြင် ရိတ်သိမ်းနေမှုများကို ဆက်လက်လေ့လာကြရာ တောင်သူများ၏မေးမြန်းချက်များကို ညွှန်ကြားရေးမှူး ဦးနိုင်ကြည်ဝင်းက အသေးစိတ် ရှင်းလင်းပြသသည်။**(အောက်ပုံ)**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၁-၂၀၁၂ နွေစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရန် ဧက ၂၅၀ လျာထားခဲ့ရာ ယခုအခါ ဧက ၇၄၀ စိုက်ပျိုးပြီးဖြစ်သည်။

(၁၈၇)



# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၃၃. ၀၀၀ | ၀. ၀၀၁၂၀ |
| ထိုင်း (ဘတ်) | ၃၁. ၄၀၅၀ | ၀. ၀၃၁၈၄ |
| တရုတ် (ယွမ်) | ၆. ၃၂၄၉၆ | ၀. ၁၅၈၁၀ |
| အိန္ဒိယ (ရူပီး) | ၅၄. ၄၂၁၀ | ၀. ၀၁၈၃၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၁၂၄၅ | ၀. ၃၂၁၂၉ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၇၂ | ၀. ၇၈၉၄၄ |
| ဂျပန် (ယန်း) | ၈၀. ၂၀၅၅ | ၀. ၀၁၂၄၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၄. ၀၈ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၈၇၅၉ | ၁. ၂၆၉၆၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၂၂၇ | ၁. ၅၈၁၆၀ |

*အင်တာနက်။*

# ခင်ဦး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေး

**ခင်ဦး မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးသန်းဝင်း၏ ကြီးကြပ်မှုဖြင့် ခင်ဦးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရေးယူမှုသတ်မှတ်ချက်နှင့် မညီညွတ်သည့် မော်တော်ယာဉ်၊ ထော်လာဂျီ၊ သုံးဘီးယာဉ်နှင့် အခြားစက်တပ်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ယမန်နေ့နံနက် ၇ နာရီတွင် ခင်ဦးမြို့ အရှေ့ဘက်မြို့ဝင် မူးဘောင်ထိပ် (ရွှေဘိုရေဦး) ကားလမ်းတို့တွင် ပိတ်ဆို့အရေးယူခဲ့ပြီး မြို့နယ်တရားရုံးမှ ဒဏ်ငွေရိုက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အရေးယူမှုများအား ဆက်လက်တိုးမြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ (၅၇၃)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၅-၂၀၁၂ (သောကြာနေ့)

| | |
|---|---|
| ၇း၁၀ | တရားတော် |
| ၈း၁၅ | ဇာတ်လမ်းတို |
| ၄း၅၅ | အိုင်စီတီသုတ |
| ၅း၁၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၃၀ | "ရွှာ"ဟာသဇာတ်လမ်းတွဲ အပိုင်း (၁၄၈) -အရိုးပေါ်အရွက်ဖုံး (သူရဇ္ဈ၊ ကျော်ဇေသော်၊ အိုင်းလောင်နှင့် သရုပ်ဆောင်များ) |
| ၆း၄၅ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သူရဲကောင်းလေးကျွန်မချစ်သူ" (အပိုင်း-၂၃)** -သံစဉ်များနှင့်ကမ္ဘာ -စိုက်ပျိုးသုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်" (အပိုင်း-၂၃) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယန္တောင်ကြိုး"(အပိုင်း-၃၀)** |

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် မေ ၁၇**

၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် **မြန်မာအမျိုးသမီးများနေ့** အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို " ကုမ္ပဏီတစ်သန်းကို ခြေတစ်လှမ်းဖြင့် အရယူ တိုင်းကျိုးပြည်ပြု ဆောင်ရွက်သူ" ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"မျိုးဂုဏ်မြင့်မား မြန်မာအမျိုးသမီးများ"** ဟူသောခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူများအား စာလုံးရေသုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှုအစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ × ၁၄ လက်မ)တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၁၈ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# စာကြည့်တိုက်မရှိဘဲနှင့် စာဖတ်သည့်အလေ့အကျင့်ရအောင်လုပ်၍ မအောင်မြင်နိုင် စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်လာရန် စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ပေါင်းစပ်ရမည်ဖြစ်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ဦးဆောင်သော အလုပ်အမှုဆောင် အဖွဲ့အား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၇

**မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင် ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့တို့ တွေ့ဆုံပွဲကို မေ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။**





တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်ဆွေ၊ အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ ဒေါက်တာချစ်စံဝင်း၊ ဦးမောင်မောင်ဦး(ဟိန်းလတ်)နှင့် ဒေါက်တာသန့်သော်ကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ရန်ပုံငွေကို မလျော့စေဘဲ ရရှိသည့်အကျိုးအမြတ်ဖြင့် ကဏ္ဍအလိုက် ခေါင်းစဉ်ခွဲပြီး ရာခိုင်နှုန်းသတ်မှတ်ကာ စနစ်တကျခွဲဝေသုံးစွဲမှုများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ဆောက်လုပ်ရန် ထောက်ပံ့ပေးခဲ့မှုများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ကိုလည်း ကူညီထောက်ပံ့ရေး စီစဉ်ထားရှိမှုများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်အရေအတွက် တိုးမြှင့်ရန်လျာထားမှုများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်ဆွေက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၏ တာဝန်ထမ်းဆောင်မှုအခြေအနေများ၊ အလုပ်အမှုဆောင်အဖွဲ့၏ ကွင်းဆင်းလေ့လာရေးခရီးဆောင်ရွက်မှုများ၊ ၂၀၁၂ ခုနှစ်အတွက် လုပ်ငန်း Programme ရေးဆွဲထားရှိမှုများ၊ စာဖတ်ရှိန်မြှင့်တင်ရေး ခရီးအတွေ့အကြုံများကို လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြမှတ်တမ်းတင်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာချစ်စံဝင်း(ချစ်စံဝင်း)က စာကြည့်တိုက်နည်းပညာဖြင့် စနစ်တကျတည်ဆောက်ထားသော စာကြည့်တိုက်များ၊ အမှန်တကယ် လိုလားပြင်းပြသည့်စိတ်ဖြင့် တည်ဆောက်ခဲ့သော စာကြည့်တိုက်များ၏ ရေရှည်တည်တံ့မှုများ၊ စာကြည့်တိုက်နည်းပညာ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ရေး၊ စာကြည့်တိုက်အဆောက်အအုံထိန်းသိမ်းရေး၊ ပြည်သူလူထု စာဖတ်လိုစိတ်မြှင့်တင်ရေးလုပ်ငန်းများအတွက် ဖောင်ဒေးရှင်းအနေဖြင့် အမှန်တကယ်ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် ဆောင်ရွက်သင့်သည်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူထုပညာရေးမှူးများ ခန့်ထားဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဖောင်ဒေးရှင်းအနေဖြင့် ငွေအားဖြင့်သာမက ပြည်သူများ အသိပညာရရှိစေရန် ထောက်ပံ့မှုများ ပိုမိုပြုလုပ်သွားရန်ကိစ္စရပ်များကို လည်းကောင်း။

ဆက်လက်၍ အလုပ်အမှုဆောင် ဦးမောင်မောင်ဦး(ဟိန်းလတ်)က ဖောင်ဒေးရှင်းအနေဖြင့် ငွေကြေးဖြင့် ထောက်ပံ့သည်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်ပါ အထောက်အကူပြုဆောင်ရွက်ရန် လိုအပ်မှုများ၊ စာပေစိစစ်ဌာနခွဲရှိ စာအုပ်စာရင်းများမှ စာအုပ်ကောင်းများကို စာအုပ်ရွေးချယ်ဝယ်ယူရေးအဖွဲ့ဖွဲ့စည်း၍ ရွေးချယ်ဝယ်ယူရန် ကိစ္စရပ်များ၊ မဖတ်မဖြစ် ဖတ်ရမည့်စာအုပ်များ Must Read Book စာရင်းကို စာကြည့်တိုက်တိုင်းတွင် လူအများမြင်သာအောင် ထားရှိပေးရန်ကိစ္စရပ်များကိုလည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ သန့်သော်ကောင်းက စာကြည့်တိုက်များသည် အရေအတွက်ထက် အရည်အသွေးကောင်းရန် ဦးတည်သင့်ပြီး အခြားနိုင်ငံများ၏ စာကြည့်တိုက်နေရာချထားဆောင်ရွက်ပုံကို အတုယူဆောင်ရွက်သင့်သော ကိစ္စရပ်များ၊ အခြားနိုင်ငံများတွင် Reading Week for Mother, Reading Week for Father အစရှိသော စာဖတ်ပွဲတော်များကျင်းပခြင်း၊ အငှားယာဉ်များတွင် ဖတ်ရှုလေ့လာစရာစာအုပ်များထားရှိပေးခြင်း စသည်တို့ဖြင့် ပြည်သူလူထု အမှန်တကယ် စာဖတ်လိုစိတ်ဖြစ်ပေါ်လာအောင် စည်းရုံးလှုပ်ရှားဆောင်ရွက်မှုများ၊ ဖောင်ဒေးရှင်းအနေဖြင့်လည်းBook Review လုပ်၍ ပြိုင်ပွဲငယ်တစ်ခု ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက ကျေးရွာများတွင်သာမက ရပ်ကွက်၊ မြို့ပေါ်ရှိ စာကြည့်တိုက်များပါ ပါဝင်နိုင်စေရန်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဟု ပြောင်းလဲခဲ့မှုများ၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဝယ်ယူထောက်ပံ့ခဲ့ရာတွင် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး စိစစ်သုံးသပ်ပြီးမှ ဝယ်ယူသင့်သည့် စာအုပ်များကို ရွေးချယ်ဝယ်ယူထောက်ပံ့ခဲ့မှုများကို လည်းကောင်း အကျယ်တဝင့် ဆွေးနွေးညှိနှိုင်းကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရာတွင် ကိစ္စတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်အောင် ဆောင်ရွက်ကြရာ၌ ဝိရောဓိများ၊ အခက်အခဲများကြားမှပင် အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဖြစ်အောင် ဆောင်ရွက်ကြရပါကြောင်း၊ ဖောင်ဒေးရှင်းတာဝန်ကို ဆောင်ရွက်နေကြသူများအားလုံးသည် မိမိတို့၏ အချိန်၊ ကာယ၊ ဉာဏ၊ ဝီရိယများကိုပေး၍ စေတနာဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်ရာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း။

ယနေ့ ဆွေးနွေးကြသည်များအားလုံးကို ဖြစ်လိုသည်များ၊ ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များ ပြန်စဉ်းစား၍ ဆွေးနွေးသုံးသပ်သွားရန် အကြံပြုလိုပါကြောင်း၊ လတ်တလောလုပ်သင့်သည့်၊ လုပ်နိုင်သည့်ကိစ္စများ၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများပေါ်လာမည်ဖြစ်ပါကြောင်း၊ အမှုဆောင်အင်အားတိုးချဲ့မည့်ကိစ္စကိုလည်း စဉ်းစားရွေးချယ်ပေးစေချင်ပါကြောင်း၊ ရွေးချယ်ရာတွင် အမှန်တကယ်ဝါသနာပါပြီး စေတနာထားကာ အချိန်ပေး၍ လုပ်နိုင်မည့်သူကို အတတ်နိုင်ဆုံး ရှာစေလိုကြောင်း၊ ဤနေရာတွင် လူကြီးပိုင်းမှလည်း လိုအပ်မည်ဖြစ်သကဲ့သို့ လူလတ်ပိုင်းမှလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အလုပ်အမှုဆောင်များအားတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ခွဲဝေပေးမည်ဆိုပါက သင့်တင့်မျှတအောင်၊ ညီမျှအောင် တာဝန်ခွဲဝေစေလိုပါကြောင်း။

ညှိနှိုင်းမှုများ၊ ဆုံးဖြတ်မှုများ၊ ပေါင်းစပ်မှုများ လုပ်ဆောင်ရသည့် အစည်းအဝေးများတွင် အများစု၏ အဆုံးအဖြတ်ဖြစ်လျှင် ပိုကောင်းပါကြောင်း၊ လက်တွေ့ Practical သွားကြမည့် လူကြီးများအနေဖြင့်လည်း ချိန်ဆဆောင်ရွက်နိုင်ခြင်းအားဖြင့် အစည်းအဝေးရော၊ လက်တွေ့ Practical အပိုင်းမှာပါ အဆင်ပြေသွားနိုင်ပါကြောင်း။

ငွေကြေးသုံးစွဲရေးနှင့်ပတ်သက်၍ မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံတစ်ဝန်းမှ ကျေးလက်ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကို Second Nature ဖြစ်လာအောင်၊ Life Long Learning Society ဆိုသည်ကို အမှန်တကယ်ဖြစ်လာအောင် အဓိကဦးတည်ပြီး အသုံးပြုရန်ဖြစ်ပါကြောင်း၊ ယင်းအထဲတွင် စာအုပ်များ ဝယ်လှူခြင်း၊ စာကြည့်တိုက်ဆောက်ပေးခြင်း၊ စာဖတ်ရှိန်မြှင့်တက်လာအောင် လုပ်ပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ ရေရှည်ဆက်လက်ဆောင်ရွက်ကြရာတွင် တစ်ဖက်မှ ရလာသည့် အရင်းမပျောက်ဘဲ အတိုးနှင့် တစ်ဖက်မှ အလှူငွေတို့အပေါ် မူတည်၍ ဆက်လက်ရပ်တည်ရမည်ဖြစ်ရာ အရင်းငွေတောင့်တင်းခိုင်မာရန်လည်း လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ အရင်းကို တိုးပွားလာအောင် ဦးတည်ရမည်ဖြစ်ပြီး တစ်ဖက်တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူများ အမှန်တကယ် စာဖတ်ကြစေရန်၊ ကျေးရွာတိုင်း၌ စာကြည့်တိုက်များဖြစ်လာရန်တို့သည်လည်း စာကြည့်တိုက်ဖောင်ဒေးရှင်း၏ ရည်မှန်းချက် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တကယ်အကျိုးရှိမည့်၊ အကျိုးရှိလာနိုင်မည့်ကိစ္စများတွင်လည်း သုံးရမည်ဖြစ်ကြောင်း၊ အမှန်တကယ်လိုလားမှုရှိ၊ ဦးဆောင်မည့်လူရှိပြီး မိမိတို့မျှော်မှန်းသည့်အခြေအနေမျိုးရောက်လာနိုင်သည့် နေရာမျိုးတွင် အကောင်အထည်ဖော်ကြစေလိုကြောင်း။

မိမိတို့၏ မူလရည်မှန်းချက်မှာ ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိရန်ဖြစ်ကြောင်း၊ ဤရည်မှန်းချက်ကို ပျောက်မသွားစေဘဲ ရေရှည်ရည်မှန်းချက်ထားကာ ဆောင်ရွက်ကြစေချင်ကြောင်း၊ မိမိတို့ရှိသည့် ရန်ပုံငွေထဲမှ အမှန်တကယ်ဖြစ်နိုင်သည့်နေရာများကို မြှင့်တင်အကောင်အထည်ဖော်ပေးစေချင်ပါကြောင်း၊ ကျေးရွာတစ်ရွာအနေဖြင့် အမှန်တကယ်စာကြည့်သည့်၊ စာဖတ်သည့်ရွာဖြစ်လာရန်၊ စာဖတ်သည့်အလေ့အကျင့်ရှိလာအောင် ဖော်ဆောင်ပေးရန် လိုသကဲ့သို့ စာကြည့်တိုက်များလည်း ရှိရန်လိုကြောင်း၊ စာကြည့်တိုက်မရှိဘဲနှင့် စာဖတ်သည့် အလေ့အကျင့်ရအောင်လုပ်၍ မအောင်မြင်နိုင်သကဲ့သို့ စာကြည့်တိုက်များရှိပြီး စာဖတ်သည့်အလေ့အထဖြစ်အောင် မလုပ်လျှင်လည်း မအောင်မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ Book Review ကိစ္စများ၊ စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စများကို တစ်ဖက်မှဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်းဖြစ်လာနိုင်သည့်နေရာမျိုးတွင် စာကြည့်တိုက်များ ထူထောင်ပေးစေလိုကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်အဆင့်တွင် အနိမ့်ဆုံးအနေဖြင့် ဦးစီးအရာရှိအဆင့်ဖြစ်သင့်ပါကြောင်း၊ သို့ဖြစ်၍ မြို့နယ်အဆင့်များ၌ အရာရှိအဆင့်ထားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းပြင် စာကြည့်တိုက်ဖောင်ဒေးရှင်းက ယခင်ကကဲ့သို့ လူထုပညာရေးမှူး သို့မဟုတ် စည်းရုံးရေးမှူးများ ခန့်ထားဆောင်ရွက်ရန်နှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ရေရှည်အလုပ်ဖြစ်မည့်ကိစ္စဖြစ်ရာ အားလုံးတိုင်ပင်ညှိနှိုင်းဆွေးနွေး၍ ဆောင်ရွက်ကြစေလိုကြောင်း။

စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်လာရန် စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ပေါင်းစပ်ရမည် ဖြစ်ပါကြောင်း၊ စိတ်ပိုင်းဆိုသည်မှာ Book Review၊ စာဖတ်ရှိန်မြှင့်တင်သည့် လုပ်ငန်း၊ လူထုပညာပေးရေးမှူးများခန့်၍ ဆွေးနွေးဟောပြောမှုနှင့် စာရေးဆရာများက ဟောပြောဆွေးနွေးမှုတို့ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စိတ်ပိုင်းရော၊ ရုပ်ပိုင်းကိုပါရှိသည့်ငွေနှင့် အကောင်းဆုံးဖြစ်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ဆွေးနွေးလိုပါကြောင်း၊ အချို့နေရာများတွင် မပြီးပြတ်သေးသော ဆောက်လုပ်ဆဲ စာကြည့်တိုက်များရှိရာ ဆက်၍ တိုးတက်ပြီးစီးအောင် ဖောင်ဒေးရှင်းရန်ပုံငွေ၊ ဒေသထည့်ဝင်ငွေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရန်ပုံငွေတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း။

ကျေးရွာစာကြည့်တိုက်များအတွက် အဓိကမှာ အမှန်တကယ်သင့်လျော်သည့် စာအုပ်များရရှိရန် ဖြစ်ပါကြောင်း၊ လှူဒါန်းသည့်စာအုပ်များကို လက်ခံ၍ အကျိုးရှိအောင်သုံးရမည် ဖြစ်သကဲ့သို့ ဝယ်မည့်စာအုပ်များကိုလည်း စိစစ်၍ စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ Reading Week for Mother, Father စသည်ဖြင့် ဆောင်ရွက်ပြီး စာဖတ်ရှိန်မြှင့်တင်ကြစေလိုကြောင်း၊ အချို့ကိစ္စများမှာ အဖိုးနည်းဝန်ပါဖြင့် စတင်စမ်းသပ်ဆောင်ရွက်ရသည်များ ရှိတတ်ပါကြောင်း၊ ထိုသို့စမ်းသပ်ဆောင်ရွက်ရာမှ လိုက်ပါလာကြပြီး အောင်မြင်သွားတတ်ပါကြောင်း၊ Reading Week for Mother, Father ဆိုသည်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ စာဖတ်လဟုထားရှိရန်လည်း စဉ်းစားကြစေလိုပါကြောင်း၊ သို့ဖြစ်၍Reading Week for Mother, Father ပုံစံ၊ စာဖတ်လ ပုံစံ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Campaign ပုံစံစသည်ဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ချင်သည်နှင့် လုပ်နိုင်သည်များကိုလည်း ချိန်ဆ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လတ်တလောလုပ်ရမည်များရှိသကဲ့သို့ ရေရှည်လုပ်ရမည်များလည်းရှိမည်ဖြစ်ရာ စဉ်းစားဆောင်ရွက်ပေးကြစေလိုကြောင်း။

စာအုပ်များနှင့်ပတ်သက်၍ ပို့လိုက်သောစာအုပ်များ တိုင်းဒေသကြီးသို့ ရောက်ရုံမျှဖြင့်မပြီးဘဲ သက်ဆိုင်ရာစာကြည့်တိုက်များအထိရောက်ရှိရန် တိုင်းဒေသကြီးတွင်ရှိသည့် ဝန်ထမ်းများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန်လည်း ညွှန်ကြားထားပါကြောင်း၊ ဒေသများမှာ ကျယ်ပြောလွန်းလှသဖြင့် ထိတွေ့နိုင်မှုနှင့် ပေါင်းစပ်နိုင်မှုတွင် အားနည်းသွားတတ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့ဆွေးနွေးချက်များအပေါ် လုပ်ဆောင်သင့်သည်များကို အကြံပြုခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့အားလုံးစဉ်းစား၍ ဆွေးနွေးသွားသည့်အချက်များမှာလည်း စာကြည့်တိုက်ဖောင်ဒေးရှင်း၊ တစ်နည်းအားဖြင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူများ အမှန်တကယ် စာဖတ်ရန်အတွက် အမှန်တကယ် အခြေခံလိုအပ်သည့် အချက်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့ဆွေးနွေးကြသည့်အချက်များအား ဆက်၍ အသေးစိတ်ညှိနှိုင်းတိုင်ပင်ကြပြီး အမှန်တကယ်ဖြစ်နိုင်သည်များ၊ လတ်တလောလုပ်နိုင်သည်များ၊ ရေရှည်တွင်လုပ်ရမည်များ ချမှတ်ဆောင်ရွက်ပေးသွားရန်ပြောလိုပါကြောင်း။

ရေရှည်စာကြည့်တိုက်များ၏ ရပ်တည်မှုနှင့်ပတ်သက်၍ စာကြည့်တိုက်များအနေဖြင့် Sustainable ဖြစ်အောင်၊ မိမိရန်ပုံငွေဖြင့် မိမိရပ်တည်နိုင်လာအောင် စနစ်ချမှတ်ကျင့်သုံးစေလိုကြောင်း၊ သို့ဖြစ်၍ စာငှားစနစ်ရှိအောင်လုပ်ရန်၊ အလှူရှင်များထံမှ အလှူခံ၍ ရန်ပုံငွေထူထောင်ရန် မူချမှတ်ပေးခဲ့ပါကြောင်း၊ အစပိုင်းတွင် စာဖတ်ချင်လာအောင် Create လုပ်ရမည်ဖြစ်ကြောင်း၊ နောက်ပိုင်း အမှန်တကယ် စာဖတ်လာပြီဆိုသည့်အခါ စာငှားစနစ်ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတစ်ဝန်းလုံးမှ စာကြည့်တိုက်များအနေဖြင့် Sustainable ဖြစ်လာမည် ဖြစ်ပါကြောင်း။

ဖောင်ဒေးရှင်းသမိုင်းနှင့်ပတ်သက်၍လည်း စတင်ရေးသားမှတ်တမ်းတင်ပြီး စဉ်ဆက်ရေးသားသွားရန် တိုက်တွန်းလိုပါကြောင်း၊ လက်ရှိ Current ဖြစ်နေသည်များကို နောက်မှရေးမည်ဆိုလျှင် ခက်သွားနိုင်ကြောင်း၊ မိမိတို့ စာကြည့်တိုက်ဖောင်ဒေးရှင်းသည်လည်း ရေရှည်တည်တံ့ရန် မျှော်မှန်းထားသည့်အလျောက် ယခုကတည်းက စတင်ဆောင်ရွက်ရန် အကြံပြုလိုပါကြောင်းဖြင့် အကျယ်တဝင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု ပျိုးပင်များပျိုးထောင်

**သီပေါ မေ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ရတနာတန်းဝင်ကျွန်းပင်များအား စီမံချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ခုနှစ် စံလောင်းကျေးရွာ နမ္မကြီးဝိုင်း အကွက်အမှတ်(၂၀)တွင် စီးပွားဖြစ်ကျွန်းစိုက်ခင်း ဧက ၅၀ အတွင်း ကျွန်းပင်သုံးသောင်းကျော် စိုက်ပျိုးရန် မေ ၆ ရက် နံနက်က မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစန်းယု၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပန္နက်တင်၍**(ယာပုံ)** မြေကျင်းတူးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။



ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀၊ ယူကလစ် တစ်ရွာတစ်ဧက၊ ကျေးရွာထင်းစိုက်ခင်း မဲဇလီအပင်တစ်သောင်းကျော်နှင့် လူထုဖြန့်သစ်တောသစ်ပင် ၂၅၀၀၀ တို့ကို မိုးစတင်ရွာသွန်းသည်နှင့်အမျှ အချိန်နှင့်တစ်ပြေးညီစိုက်ပျိုးနိုင်ရန် ယခုကဲ့သို့ မြေပြုပြင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၂၄၇)

# လူသားမျိုးနွယ်၏ သဘာဝအရင်းအမြစ်လိုအပ်ချက်ကို ဖြည့်ဆည်းရေး ၂၀၅၀ ခုနှစ်အတွင်း ကမ္ဘာမြေကဲ့သို့ ဂြိုဟ်ကမ္ဘာနှစ်စင်း ထပ်မံလိုအပ်

**ဂျီနီဗာ မေ ၁၇**

လူသားမျိုးနွယ်အတွက် သဘာဝအရင်းအမြစ် လိုအပ်ချက်များ ပိုမိုမြင့်မားလာခြင်းကြောင့် ကမ္ဘာမြေပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများ သိသိသာသာ ကျဆင်းပျောက်ကွယ်ခဲ့ရပြီး လူသားမျိုးနွယ်၏ အနာဂတ်လုံခြုံရေးနှင့် ကောင်းကျိုးတို့မှာ ခြိမ်းခြောက်ခံနေရကြောင်း ကမ္ဘာ့သားရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူ အက်ဖ်)က မေ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သော သက်ရှိဂြိုဟ်ကမ္ဘာ အစီရင်ခံစာ(၂၀၁၂)၌ ဖော်ပြထားသည်။

သက်ရှိဂြိုဟ်ကမ္ဘာ အစီရင်ခံစာ၏ အဆိုအရ ၁၉၇၀ ခုနှစ်နောက်ပိုင်းကာလများတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဇီဝမျိုးစုံမျိုးကွဲ ၂၈ ရာခိုင်နှုန်းမျှ ဆုံးရှုံးခဲ့ရပြီး ယင်းကဲ့သို့ ဆုံးရှုံးပျောက်ကွယ်မှုများ၏ ၆၀ ရာခိုင်နှုန်းမှာ အပူပိုင်းဒေသ ဝင်ငွေနိမ့်နိုင်ငံများ၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှုကြောင့် သဘာဝစနစ်များ ပျက်ယွင်းမှုဒဏ်ကို ဝင်ငွေနိမ့်နိုင်ငံများက အပြင်းအထန် ခံစားကြရကြောင်း ဒဗလျူ ဒဗလျူ အက်ဖ်အဖွဲ့ ညွှန်ကြားရေးမှူး ဂျင်လီပီက ပြောကြားသည်။

လူသားမျိုးနွယ်သည် သဘာဝအရင်းအမြစ်များအား ထုတ်ယူသုံးစွဲရာတွင် ကမ္ဘာမြေက ဖြည့်ဆည်းပေးနိုင်သည့် ပမာဏထက် ၅၀ ရာခိုင်နှုန်း ပိုမိုသုံးစွဲနေကြကြောင်း ဒဗလျူ ဒဗလျူ အက်ဖ်၏ သက်ရှိဂြိုဟ်ကမ္ဘာ အစီရင်ခံစာ ၂၀၁၂ တွင် ဖော်ပြထားသည်။

သဘာဝအရင်းအမြစ်များကို ယင်းနှုန်းထားအတိုင်း ဆက်လက်ထုတ်ယူသုံးစွဲသွားမည်ဆိုပါက ၂၀၅၀ ခုနှစ်အရောက်တွင် မိမိတို့အနေဖြင့် လိုအပ်သော သဘာဝအရင်းအမြစ်များ ရယူနိုင်ရန် ကမ္ဘာမြေနှင့် အလားတူ ဂြိုဟ်ကမ္ဘာနှစ်စင်း ထပ်မံလိုအပ်လာမည်ဖြစ်ကြောင်း သက်ရှိဂြိုဟ်ကမ္ဘာအစီရင်ခံစာ၌ သုံးသပ်ဖော်ပြထားသည်။ **အင်တာနက်။**





# ပါကစ္စတန်လေတပ် လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ် တိုက်မိ

**ပက်ရှဝါ မေ ၁၇**

ပါကစ္စတန်လေတပ်မှ အပေါ့စားလေယာဉ်နှစ်စင်းသည် မြို့တော် အစ္စလာမ္မာဘတ်၏ အနောက်မြောက်ဘက်တွင် မေ ၁၇ ရက်က ပုံမှန်လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေစဉ် ဝေဟင်အတွင်း တိုက်မိပြီး ပျက်ကျခဲ့ရာ လေယာဉ်မှူးလေးဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ပါကစ္စတန်လေတပ်အတွက် ယခုရက်သတ္တပတ်အတွင်း၌ ဒုတိယအကြိမ် ဖြစ်ပွားခဲ့သည့် လေယာဉ်မတော်တဆမှုဖြစ်သည်။ ယင်းလေယာဉ်နှစ်စင်း တိုက်မိသည့် အကြောင်းရင်းကို လောလောဆယ် ရှင်းလင်းစွာ မသိရသေးပေ။

တိုက်မိသည့် လေယာဉ်နှစ်စင်းအနက် တစ်စင်းသည် လူနေအိမ်တစ်လုံးပေါ်သို့ ပျက်ကျခဲ့ရာ မြေပြင်ရှိ မိန်းကလေးတစ်ဦးနှင့် သက်ကြီးရွယ်အို အမျိုးသားတစ်ဦးတို့ ဒဏ်ရာရရှိသွားပြီး အခြားတစ်စင်းမှာ ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၁၆၀ အကွာရှိ လယ်ကွင်းထဲသို့ ပျက်ကျခဲ့သည်။ ***အင်တာနက်။***

# အမေရိကန်ပြည်ထောင်စုတွင် တောင်အမေရိကတိုက်သားမဟုတ်သည့် လူဖြူကလေးဖွားမြင်မှု အနည်းစုဖြစ်လာ

**ဝါရှင်တန် မေ ၁၇**

အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းဌာန၏ နောက်ဆုံးရအချက်အလက်များအရ လူမျိုးနွယ်စုများနှင့် အခြားလူနည်းစုလူမျိုးများ၏ ကလေးမွေးဖွားမှုနှုန်းသည် အမေရိကန်ပြည်ထောင်စု၏ ကလေးမွေးဖွားမှုနှုန်း၏ ထက်ဝက်ကျော်လွန်သွားပြီဖြစ်သည်ဟု ဆိုသည်။

လူမည်းများ၊ တောင်အမေရိကတိုက်သားများ၊ အာရှတိုက်သားများနှင့် အခြားသွေးနှောမျိုးနွယ်များ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၂၀၁၁ ခုနှစ် ဇူလိုင်လကုန်တွင် ၅၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိလာသည်ဟုဆိုသည်။ ယင်းအချက်က တောင်အမေရိကတိုက်သားမဟုတ်သူ လူဖြူများ၏ ကလေးမွေးဖွားမှုနှုန်းမှာ ပထမဆုံးအကြိမ် အနည်းစုဖြစ်သွားခြင်းကို ပြသနေသည်။

အမေရိကန်စီးပွားရေး ဆက်လက်နှေးကွေးနေခြင်းသည် လူဖြူများအကြား၌ ကလေးဖွားမြင်မှုနှုန်း ကြီးမားစွာ ကျဆင်းစေသောအကြောင်းတရားဖြစ်သည်ဟု လူမှုဗေဒပညာရှင်များ ယုံကြည်နေကြသည်။

အမေရိကန်သန်းခေါင်စာရင်း ဗျူရို၏ မှတ်တမ်းများအရ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ တစ်နှစ်တာအတွင်း လူနည်းစုမျိုးနွယ်များမှ မွေးဖွားသည့်ကလေးဦးရေမှာ ၂ဒသမ ၀၂ သန်းရှိပြီး ယင်းကာလ၏ ကလေးမွေးဖွားမှုအရေအတွက်၏ ထက်ဝက်ကျော်ရှိသည်ဟု ဆိုသည်။ ***အင်တာနက်။***



ဆိုမာလီယာ ကမ်းရိုးတန်းဒေသ ပင်လယ်ဓားပြပြဿနာကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာအရ နှစ်စဉ် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ ဆုံးရှုံးနစ်နာနေရသည်။

# အေဒင်ပင်လယ်ကွေ့၌ ကိုယ်ပိုင်ရေတပ်ဖြန့်ကြက်ရေး အာမခံကုမ္ပဏီများ ကြိုးပမ်းနေ

**တိုကျိုမြို့ မေ ၁၇**

**ဆိုမာလီပင်လယ်ဓားပြများ အန္တရာယ်ကို အစိုးရိမ်ရဆုံးဖြစ်သည့် အေဒင်ပင်လယ်ကွေ့ဒေသ၌ ကိုယ်ပိုင်ရေတပ်တစ်ခုဖွဲ့စည်းဖြန့်ကြက်သွားရန် ရေကြောင်းအာမခံကုမ္ပဏီကြီးများက စီစဉ်လျက်ရှိကြောင်း မေ ၁၆ ရက်သတင်းများတွင် ဖော်ပြထားသည်။**

ရေကြောင်းအာမခံကုမ္ပဏီကြီးများ၏ အစောင့်လိုက်ရေယာဉ်အုပ်စုစီမံချက် (စီအီးပီ) အရ ယခုနှစ် ဒီဇင်ဘာလတွင် ရေယာဉ် ၁၈ စင်းပါ ရေတပ်အုပ်စုဖြင့် အေဒင်ပင်လယ်ကွေ့အတွင်း ခုတ်မောင်းသွားလာနေသော ကုန်တင်သင်္ဘောများအား အကာအကွယ်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။

အမေရိကန်ဒေါ်လာ သန်း ၇၀ တန်ဖိုးရှိ စီအီးပီစီမံချက်ကို နိုင်ငံတကာရေကြောင်း အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် ဂျာဒင်းလွိုက်သွမ်ပဆင်ကုမ္ပဏီက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။

စီအီးပီ စီမံချက်ကို အကောင်အထည်ဖော်ရန် ရေကြောင်းအာမခံ ကုမ္ပဏီများသည် ဆွီဒင်ရေတပ်မှ ကိုယ်ထည်အလျားပေ ၁၅၀ ရှိ တစ်ပတ်ရစ် အမြန်ကင်းလှည့်ရေယာဉ် ခုနစ်စင်း ဝယ်ယူရန်စီမံနေပြီး ကမ်းလွန်ရေပြင်ထောက်ပံ့ရေး သင်္ဘောဟောင်း ၁၁ စင်းကို ဝယ်ယူရန်လည်း ကြိုးပမ်းနေကြောင်း သိရသည်။

ရေကြောင်းအာမခံကုမ္ပဏီများ၏ ကိုယ်ပိုင်ရေတပ်သည် ဂျီဘူတီနိုင်ငံ၌ အခြေစိုက်၍ နိုင်ငံတကာ ရေကြောင်းစကြိုဒေသတစ်လျှောက် ဖြတ်သန်းသွားလာနေသော ကုန်တင်သင်္ဘောများအား စောင့်ရှောက်မှုပေးသွားမည်ဖြစ်သည်။

ပင်လယ်နီနှင့် အာရေဗီးယန်းပင်လယ်အကြား တည်ရှိသော နိုင်ငံတကာရေကြောင်း စကြိုဒေသသည် ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး ရေကြောင်းလမ်းဖြစ်သည်။

ဆိုမာလီကမ်းလွန်ရေပြင်ဒေသ၌ ပေါ်ပေါက်နေသော ပင်လယ်ဓားပြပြဿနာကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာအရ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ခုနစ် ဘီလီယံမျှ နစ်နာရပြီး ယင်းဒေသအား ဖြတ်သန်းရမည့် သင်္ဘောတိုင်းအတွက် သင်္ဘောပိုင်ရှင်များသည် အာမခံအပိုကြေး ဒေါ်လာ ၅၀၀၀၀ မှ ၈၀၀၀၀ အထိ ထပ်ဆောင်းပေးသွင်းကြရသည်။ ***အင်တာနက်။***

# တရုတ်နိုင်ငံ၏ ရွှေဝယ်လိုအား စံချိန်တင်မြင့်တက်

**ပေကျင်း မေ ၁၇**

၂၀၁၂ခုနှစ် ပထမလေးလတာကာလအတွင်း တရုတ်နိုင်ငံ၏ ရွှေဝယ်လိုအားသည် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကမ္ဘာ့ရွှေကောင်စီ(ဒဗလျူဂျီစီ)က မေ ၁၇ရက်တွင် ပြောကြားသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ လက်ဝတ်လက်စားနှင့် ရင်းနှီးမြှုပ်နှံမှုများအဖြစ် ရွှေဝယ်ယူမှုမှာ ရွှေတန်ချိန် ၂၅၅ဒသမ ၂တန်ထိရှိခဲ့သည်။

ငွေကြေးဖောင်းပွခြင်းနှင့် မြေယာအဆောက်အအုံဈေးကွက်အပေါ် ကန့်သတ်ခြင်းတို့သည် ရွှေဝယ်လိုအား တိုးမြင့်စေသည့်အကြောင်းများဖြစ်နိုင်သည်ဟု ဒဗလျူဂျီစီက ပြောကြားခဲ့သည်။

သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ ရွှေဝယ်လိုအား၌ ၅ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တန်ချိန် ၁၀၉၇ဒသမ ၆တန်သာရှိခဲ့သည့်အတွက် ရွှေဈေးနှုန်း သိသိသာသာမြင့်တက်မှုကို ဒဗလျူဂျီစီက ပြစ်တင်ပြောကြားခဲ့သည်။

၂၀၁၂ခုနှစ် ပထမလေးလအတွင်း ပျမ်းမျှရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၆၉၀ဒသမ ၅၇ အမေရိကန် ဒေါ်လာရှိခဲ့ပြီး ၂၀၁၁ခုနှစ် အလားတူကာလ ဈေးနှုန်းထက် ၂၂ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဆိုသည်။

အစဉ်အလာအားဖြင့် ကမ္ဘာ့အရေးအပါဆုံး ရွှေဈေးကွက်တစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ရွှေဝယ်လိုအားမှာကျဆင်းခဲ့သည်။ ယင်းနိုင်ငံ၏ ရွှေတင်သွင်းမှုအပေါ် အခွန်ကောက်ခံမှုမြင့်တက်ခြင်းနှင့် ရွှေဖြင့်ပြုလုပ်ထားသည့် လက်ဝတ်ရတနာများအပေါ် အခွန်သစ်ဖြတ်တောက်ခြင်းကြောင့် ဝယ်လိုအား ထိခိုက်ခဲ့ရသည်။ ***အင်တာနက်။***



# လက်ဝယ်ပိုင်ဆိုင်ထားသည့် နျူလက်နက်အရေအတွက် လျှော့ချရေး နျူလက်နက်ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့ အမေရိကန်နိုင်ငံအား တိုက်တွန်း

**ဝါရှင်တန် မေ ၁၇**

လက်ဝယ်သိုလှောင်ထားရှိသည့် နျူကလီးယားလက်နက်များကို အလုံးအရင်းဖြင့်လျှော့ချပေးရန် အမေရိကန်ပြည်ထောင်စုအား နျူကလီးယားလက်နက်ထိန်းချုပ်ရေးဆိုင်ရာ အကျိုးဆောင်အဖွဲ့တစ်ဖွဲ့က တောင်းဆိုခဲ့ကြောင်း မေ ၁၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

စစ်အေးခေတ်လွန် ကမ္ဘာကြီးတွင် နိုင်ငံလုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် နျူကလီးယားလက်နက် ၉၀၀ ထက်ပို၍ မလိုအပ်ကြောင်း ဂလိုဘယ်ဇီးရိုးအမည်ရှိ နျူလက်နက်ထိန်းချုပ်ရေးဆိုင်ရာ အကျိုးဆောင်အုပ်စု၏ အစီရင်ခံစာ၌ သုံးသပ်ထားသည်။

ယင်းအပြင် အမေရိကန်ပြည်ထောင်စု၏ မြေပြင်အခြေစိုက်တိုက်ချင်းပစ် နျူကလီးယားဒုံးပျံ အရေအတွက်ကိုလည်း ၈၀ ရာခိုင်နှုန်းလျှော့ချရန် ဂလိုဘယ်ဇီးရိုးအဖွဲ့၏ အစီရင်ခံစာတွင် တိုက်တွန်းထားသည်။

နျူကလီးယားလက်နက်အရေအတွက် လျှော့ချခြင်းဖြင့် အသုံးစရိတ်ဖြတ်တောက်ခံရမှုနှင့် ရင်ဆိုင်နေရသည့် ပင်တဂွန်စစ်ဌာနချုပ်သည် လာမည့်ဆယ်စုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ချွေတာနိုင်မည်ဖြစ်ကြောင်း ဂလိုဘယ်ဇီးရိုးအုပ်စုအစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုက လက်ရှိကျင့်သုံးနေသော နျူကလီးယားလက်နက်ဆိုင်ရာ မူဝါဒသည် ခေတ်ကုန်နေပြီဖြစ်သည့် စစ်အေးကာလ သဘောတရားသာဖြစ်ကြောင်း ဂလိုဘယ်ဇီးရိုးအစီရင်ခံစာပြုစုရေးအဖွဲ့ဥက္ကဋ္ဌ အမေရိကန်ပြည်ထောင်စု တွဲဖက်စစ်ဦးစီးချုပ်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဂျိမ်းစ်ကာ့သ်ရိုက်က ပြောကြားခဲ့သည်။

ခန့်မှန်းခြေ နျူကလီးယားလက်နက် ၅၀၀၀ စီမျှ အသီးသီးပိုင်ဆိုင်ထားသော အမေရိကန်နှင့် ရုရှားနိုင်ငံတို့သည် မဟာဗျူဟာလက်နက်များ လျှော့ချရေး စာချုပ်သစ်အရ ၂၀၁၈ ခုနှစ်တွင် ၎င်းတို့၏ နျူလက်နက်အရေအတွက်ကို ၁၅၅၀ အထိ လျှော့ချရန်ရှိသည်။ ***အင်တာနက်။***



**အမေရိကန်နိုင်ငံ၏ ဘီ-၅၃ နျူကလီးယားဗုံးများကို မဖျက်ဆီးမီ တွေ့ရစဉ်။**

# လူကို ခွေးကိုက်မှုများကြောင့် အမေရိကန်အာမခံကုမ္ပဏီများ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းရာပေါင်းများစွာ ပေးလျော်နေရ

**လော့စ်အိန်ဂျလိစ် မေ ၁၇**

ခွေးက လူကိုကိုက်မှုများသည် ထူးခြားဖြစ်စဉ်များ မဟုတ်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုမှ အာမခံကုမ္ပဏီများသည် ခွေးကိုက်မှုများအတွက် နှစ်စဉ် နှစ်တိုင်း အမေရိကန်ဒေါ်လာ သန်းရာပေါင်းများစွာ သုံးစွဲနေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုရှိ အကြီးဆုံးပြည်တွင်းအာမခံကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်သော စတိတ်ဖန်းမ် အာမခံကုမ္ပဏီသည် ၂၀၁၁ ခုနှစ်အတွင်း တစ်ပြည်လုံး၌ ဖြစ်ပွားခဲ့သည့် ခွေးကိုက်မှုပေါင်း ၃၈၀၀ ခန့်အတွက် အာမခံကြေး ဒေါ်လာ ၁၀၉ သန်း ပေးလျော်ခဲ့ရကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

၂၀၁၀ ခုနှစ်တွင် လူကို ခွေးကိုက်မှုပေါင်း ၃၅၀၀ ခန့်အတွက် အာမခံကြေး ဒေါ်လာ သန်း ၉၀ ကို စတိတ်ဖန်းမ် ကုမ္ပဏီက ပေးလျော်ခဲ့ရသည်။

၂၀၁၁ ခုနှစ်အတွင်း အမေရိကန်တစ်နိုင်ငံလုံး၌ ဖြစ်ပွားခဲ့သော လူကို ခွေးကိုက်မှုများအတွက် အာမခံကုမ္ပဏီအားလုံးက ပေးလျော်ခဲ့ရသည့် အာမခံကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇၉ သန်းနီးပါး ရှိခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ၄၁၃ သန်း ရှိခဲ့သည်။

အခြားပြည်နယ်များထက် လူဦးရေနှင့် ခွေးကောင်ရေပိုများသော ကာလီဖိုးနီးယားပြည်နယ်၌ ၂၀၁၁ ခုနှစ်အတွင်း လူကို ခွေးကိုက်မှုပေါင်း ၅၂၇ မှုရှိခဲ့ပြီး အကိုက်ခံခဲ့ရသူများသည် အာမခံကြေး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃ သန်း ရရှိခဲ့ကြောင်း အာမခံလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်ဌာနက ခန့်မှန်းထားသည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ နှစ်စဉ်လူပေါင်း ၄ ဒသမ ၇ သန်းခန့် ခွေးကိုက်ခံခဲ့ရပြီး အကိုက်ခံရသူ အများစုမှာ ကလေးများဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ပြောကြားခဲ့သည်။ ***အင်တာနက်။***

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အမေရိကန်နိုင်ငံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ တို့ တွေ့ဆုံ

**နေပြည်တော် မေ ၁၇**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အမေရိကန်နိုင်ငံအခြေစိုက် Wamar International Inc. မှ President & Chief Executive Officer, Mr. Nabil Y. Barakat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားပေးရေး ရေတိုစီမံချက်အရ ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အလျင်အမြန် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များအား ပြုပြင်မွမ်းမံမှုလုပ်ငန်းကို အလျင်အမြန်ဆောင်ရွက်၍ ဓာတ်အား ပိုမိုထွက်ရှိစေရေးဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတစ်ဝှမ်းရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များကိုလည်း တစ်ဆင့်ချင်း Phase By Phase ပြင်ဆင်သွားရန်၊ မြန်မာနိုင်ငံအလယ်ပိုင်းရှိ လည်ပတ်နိုင်ခြင်းမရှိဘဲ ရပ်ထားရသည့် သဘာဝဓာတ်ငွေ့သုံးစက်များကို ရန်ကုန်မြို့သို့ ပြောင်းရွှေ့သယ်ယူတပ်ဆင်၍ ဓာတ်အား ပိုမိုထွက်ရှိစေရေးလုပ်ဆောင်ရန်နှင့် သဘာဝဓာတ်ငွေ့သုံးစက်များအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းသာမက စက်ရုံများ၏ ထိန်းချုပ်မှု Control System များကိုပါ အဆင့်မြှင့်တင်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံ Oriental Consultants Co., Ltd. ၏ Project Management Department မှ Senior Project Manager, Mr. Nobuo KUGA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်မြို့၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ် တိုးတက်ကောင်းမွန်စေရေး ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းအတွက် အကြိုလေ့လာမှု အခြေအနေ၊ ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ် Distribution Network ကို အဓိကထား ပြုပြင်မှုလုပ်ဆောင်ရန်ကိစ္စ၊ ရန်ကုန်မြို့ရှိ ဓာတ်အားထိန်းချုပ်ကွပ်ကဲမှုပြုလုပ်သည့် Load Dispatching Centre ကို အဆင့်မြှင့်တင် တည်ဆောက်နိုင်ရန်ကိစ္စ၊ ရန်ကုန်မြို့ အနီးတွင် ၆၀၀ မဂ္ဂါဝပ်မှ ၁၂၀၀ မဂ္ဂါဝပ်အထိထွက်ရှိမည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်ရှိသည့်ကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အမေရိကန်နိုင်ငံအခြေစိုက် Wamar International Inc. မှ President & Chief Executive Officer, Mr. Nabil Y. Barakat ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၈-၅-၂၀၁၂ (သောကြာနေ့)**

| | |
|---|---|
| ၅း၄၀ | "ဘာဖြစ်ချင်တာလဲ"တရားတော် (ဆရာတော်အရှင်ကုမုဒ) |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၃၉)** |
| ၉း၄၀ | Movie Talk [ဦးစိုးရွှေ၊ ဒါရိုက်တာကြည်စိုးထွန်း] (အပိုင်း-၁) |
| ၁၀း၄၅ | Fashion Week (Designer Shiler) (Part-1) |
| ၁၂း၂၅ | ရွှေရောင်တောက်ပသော အနာဂတ်နေ့ရက်များဆီသို့ "လူငယ်နှင့်အချစ်ရေး" (အပိုင်း-၁) |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၂၆)** |
| ၈း၃၀ | Myanmar Cooking Master (ဒုတိယအဆင့်) (ပွဲစဉ်-၆) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၄၀)** |
| ၁၀း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၁၁း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၁၂)** |
| ၂း၀၀ | အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး) |
| ၂း၁၀ | ဆီထွက်သီးနှံများထဲမှ "ဆီအုန်း" |
| ၂း၂၅ | လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂) |
| ၃း၅၅ | ဒစ်ဂျစ်တယ်အလှကမ္ဘာ |
| ၄း၅၀ | ပူဇော်လျှုဒါန်းကြာသက်န်း |



# ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၇

**ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့် ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Nafis Sadik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (ဝဲပုံ)

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့်အတူ အတွင်းရေးမှူး ဦးမြင့်သူ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ဇင်၊ ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်းတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ HIV/AIDS ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂမှ ကူညီဆောင်ရွက်ပေးသွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

# ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းသင်ခန်းစာများ ကျောင်းမဖွင့်မီ တစ်လကြိုတင်သင်ကြားပေးနေ

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၏ လမ်းညွှန်ချက်ဖြင့် လာမည့် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုကြရမည့် ကျောင်းသားကျောင်းသူများ အရည်အချင်း ပြည့်မီစွာဖြင့် အောင်ချက်ရာနှုန်း မြင့်မားရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၁၂ ခုနှစ် ပညာသင်နှစ်မှ န၀မတန်းဖြေဆိုအောင်မြင်ပြီးကြသော ကျောင်းသား ကျောင်းသူများအား ကျောင်းဖွင့်ရက်မတိုင်မီ ဧပြီ ၂၃ရက် မှ မေ ၂၄ ရက်အထိ တစ်လတာအတွင်း တက္ကသိုလ်ဝင်တန်း၌ သင်ကြားမည့် သမိုင်း၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ ဘာသာရပ်များကို နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သင်ကြားပေးနေကြောင်း သိရှိရသည်။**(အောက်ပုံ)**

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အမြော်အမြင်ကြီးမားမှု၊ ပညာရေးဝန်ထမ်းများ၊ ဆရာဆရာမများ၏ စေတနာမေတ္တာများကြောင့် ရည်ရွယ်ချက်ကြီးမားပြီး ချို့တဲ့စွာ ပညာသင်ယူကြရသော ကျောင်းသား ကျောင်းသူများအတွက် အထူးဝမ်းမြောက်ဖွယ် ဖြစ်သည်။

ပုသိမ်မြို့တွင် အမှတ်-၄ အခြေခံပညာအထက်တန်းကျောင်းသည် ချို့တဲ့ကျောင်းသား ကျောင်းသူ အများဆုံး ဖြစ်သည်ဟုဆို၏။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ငြိမ်းနှင့် ဘာသာရပ်ဆိုင်ရာ ဆရာဆရာမများက အတွဲ ၁=၃၆ ယောက်၊ အတွဲ ၂=၂၂ယောက်၊ အတွဲ-၇=၂၆ ယောက် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၄ ယောက် ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ယူနိုင်ခွင့်ရရှိကြသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ အထက်တန်းကျောင်းသားများလည်း ဝမ်းမြောက်ပီတိဖြစ်နေကြသည်။ ယခုလာမည့် ၂၀၁၃ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ အရည်အချင်းပြည့်ဝစွာ ထူးချွန်ထက်မြက်သူများဖြင့် အောင်ချက်မြင့်မားမှု များပြားလာမည်ဖြစ်သည်။ နိုင်ငံအကျိုးပြု အနာဂတ်ခေါင်းဆောင်ကောင်းလေးများ အဖြစ် ထွန်းတောက်စေရမည်ဟူသော ရည်မှန်းချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ကျောင်းသားမိဘများလည်း ဝမ်းမြောက်ပီတိဖြစ်နေကြရပေသည်။ (ပုသိမ်-လှကြည်)





**သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နေပြည်တော်-မြို့သစ်-ကံပြား-မကွေးလမ်း၊ ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၂၃၊၂၆) တပ်ကုန်းမြို့၏ (၁/၂၀၁၂)စီးပွားရေး(ကျွန်း) စိုက်ခင်းဧက(၅၀၀) ပျိုးဥယျာဉ် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**
(သစ်တော)

# ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် Action Aid Myanmar တို့ ပူးပေါင်း၍ Understanding the Growth Paradigm-Care for Ecology & Future in Myanmar ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးပွဲကို မေ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Officer Tower ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် နယူးဇီလန်နိုင်ငံ Auckland ရှိ AUT University မှ Professor of Public Policy Dr. Marilyn Waring က ၎င်းသင်ယူလေ့လာခဲ့သော ပညာရပ်များနှင့် အတွေ့အကြုံများပေါ်အခြေခံ၍ ဟောပြောဆွေးနွေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် UMFCCI ရှိ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာန ဖုန်း-၂၁၄၃၄၄ Ext-၁၀၇၊ ၁၂၂ သို့ ကြိုတင်စာရင်းပေးပို့နိုင်ကြသည်။

(သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် မေ ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. V.S Seshadri သည် ယနေ့ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံလေကြောင်းဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ဧည့်အဖွဲ့ များ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၇

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ်ချတ် ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေး၊ နည်းပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားရေး၊ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဆောင်ရွက်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံမှ TOYO - THAI ကုမ္ပဏီဥက္ကဋ္ဌ Mr. Hironobu Iriya ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံပြီး ရေနံဓာတ်ငွေ့ရည် တင်သွင်းဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာစက်ရုံနှင့် ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ ရေနံထွက်ပစ္စည်းများ ချက်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား US Chamber of Commerce ၏ အာရှရေးရာဒုတိယဥက္ကဋ္ဌ Ms. Tami Overby နှင့် အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး Mr. John Goyer တို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား US Chamber of Commerce ၏ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ Ms. Tami Overby နှင့် အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး Mr. John Goyer တို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာ-နယူးဇီလန် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနက နယူးဇီလန်နိုင်ငံ၏ မဟာဗျူဟာဌာနအဖြစ် ဆောင်ရွက်လျက်ရှိသော အာရှ - နယူးဇီလန် ဖောင်ဒေးရှင်းနှင့် ပူးပေါင်း ကမကထပြု၍ မြန်မာ-နယူးဇီလန် လမ်းကြောင်း(၂) အမြင်ချင်းဖလှယ် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ အစိုးရနှင့် ပညာရှင်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများ၊ နယူးဇီလန်နိုင်ငံနှင့် တောင်ပစိဖိတ်ဒေသ၌ တိုးတက်ဖြစ်ပေါ်မှုများ၊ အရှေ့အာရှဒေသတွင်း၌ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးအခြေအနေ၊ တောင်အာရှဒေသနှင့် အိန္ဒိယတို့၏ တိုးတက်မှုများနှင့် အာဆီယံဒေသတွင်း ပေါင်းစည်းမှုဖြစ်စဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးက နယူးဇီလန်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် မြန်မာ-နယူးဇီလန် လမ်းကြောင်း(၂) အမြင်ချင်းဖလှယ်ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



# နှိုးဆော်တိုက်တွန်းအပ်ပါသည်

မေခင်

ယခုတလော အပြောများနေသော အကြောင်းအရာများတွင် ပြီးခဲ့သော သင်္ကြန်ကာလက လူငယ်တချို့၏ မသင့်မလျော် ဝတ်စားဆင်ယင်မှုကိစ္စတစ်ခု ပါဝင်နေပါသည်။ ဂျာနယ်များတွင်လည်း အမျိုးသမီးငယ်များ၏ ခေတ်လွန်ဝတ်ဆင်ထားပုံများကို ရောင်စုံစာရွက်များတွင် အသားပေးဖော်ပြကြသည်။ အင်တာနက်ပေါ်တွင်လည်း ဓာတ်ပုံများ၊ သုံးသပ်ဝေဖန်ချက်များ ပလူပျံနေသည်။ သင်္ကြန်တွင်းမှာ မြန်မာပြည်ကို ခေတ္တခဏပြန်လာကြသော ပြည်ပရောက်မြန်မာများကိုပင် အံ့အားသင့်စေခဲ့သော ဖက်ရှင်ဒီဇိုင်းများဖြစ်နေခဲ့သည်။ အမေရိကန်မှ ခဏပြန်ရောက်နေသည့် မိတ်ဆွေတစ်ဦးက မြန်မာမိန်းကလေးများရဲ့ သင်္ကြန်ဖက်ရှင်က အမေရိကန်များ ရှုံးလောက်အောင် ခေတ်ဆန်လွန်းနေသည်ဟု ဝေဖန်ခဲ့သည်။ အမှန်တော့ ခေတ်ဆန်သော ယင်းမိန်းကလေးတို့၏ မလုံမလဲ ဖက်ရှင်ဒီဇိုင်းများသည် သင်္ကြန်တွင်းသာမကဘဲ သာမန်ပွဲလမ်းများတွင်လည်း ဤအတိုင်းဝတ်ဆင်လာကြသည်ကို နေရာတိုင်းတွင် တွေ့မြင်နေရသည်။ သည်ကိစ္စကို သည်အတိုင်းပဲထားမှာလား၊ မည်သို့ ထိန်းသိမ်းကြမှာလဲဆိုသည့်အချက်က အရေးကြီးလာပြီဟု ယူဆမိပါသည်။ တချို့ကလည်း ခေတ်ရေစီးကြောင်းအရ ပြောင်းလဲလာသော ဆင်ယင်ထုံးဖွဲ့မှုဖြစ်ခြင်းကြောင့် အရေးမကြီးပါဘူးဟူ၍ သဘောထားကြသည်။ သို့သော် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာဆိုသည့် ရှုထောင့်က လေ့လာသုံးသပ်ပါက ဂရုပြု၍ ထိန်းသိမ်းရတော့မည့် အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဟု ပြောနိုင်ပါသည်။

သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာပွဲတော်ဖြစ်၍ ရိုးရာဓလေ့စရိုက်နှင့်အညီ မြန်မာဆန်ဆန်ကျင်းပသော ပွဲတော်တစ်ခုဖြစ်အောင် ဝိုင်းဝန်းလုပ်ဆောင်သင့်ပါသည်။ အနောက်တိုင်းဂီတသံများ ဆူဆူညံညံဖွင့်ပြီး ကခုန်နေသော သင်္ကြန်မဖြစ်စေချင်ပါ။ ပို၍ ဆိုးရွားသည်မှာ ယမကာမျိုးစုံကို အမျိုးသားရော အမျိုးသမီးများပါ လွတ်လပ်စွာသောက်သုံး၍ မဖွယ်မရာ ကခုန်မြူးထူးနေသော သင်္ကြန်ပုံရိပ်က မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အကျည်းတန်စေပါသည်။ ပြည်ပအသံလွှင့်ဌာနတစ်ခုက ထိုင်းနိုင်ငံ ချင်းမိုင်သင်္ကြန်ကို ရိုက်ကူးထုတ်လွှင့်သွားခဲ့ရာ မြန်မာသင်္ကြန်နှင့် ခြားနားနေကြောင်း သတိထားမိခဲ့ပါသည်။ ချင်းမိုင်ရေသဘင်ပွဲတော်တွင် ရေပိုက်များဖြင့် ကြမ်းတမ်းစွာ ရေကစားခြင်းမတွေ့ရပါ။ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ကိုယ်တိုင် ဒေသခံများ၊ နိုင်ငံခြားသားကမ္ဘာလှည့် ဧည့်သည်များနှင့်အတူ ရေကစားနေသည်ကို ပြသသွားပါသည်။ ထို့အပြင် ချင်းမိုင်သင်္ကြန်သို့ အလည်အပတ်ရောက်နေသော ရန်ကုန်မြို့မှ မိန်းကလေးနှစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုကိုပါ ထုတ်လွှင့်သွားခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနှစ်သစ်ကူးရိုးရာ သင်္ကြန်ပွဲတော်ကိုလည်း ပြင်းအားများသော ရေပိုက်များ မပါဝင်ဘဲ ရေဖလားများဖြင့် ရေကစားသောသင်္ကြန်၊ ရိုးရာအစားအစာများဖြင့် အပြန်အလှန် ကျွေးမွေးဧည့်ခံသော သင်္ကြန် ဖြစ်စေချင်ပါသည်။ ဤသို့ ရိုးရာဆန်စွာ ကျင်းပခြင်းကို ခေတ်လူငယ်များက ပို၍ပင် နှစ်ခြိုက်လိမ့်မည်ဟု ယူဆမိပါသည်။

ယနေ့ခေတ်လူငယ်များ၏ အတွေးအခေါ်၊ အယူအဆ၊ အပြုအမူ၊ ဝတ်စားဆင်ယင်မှု စသည်တို့သည် နည်းပညာဖွံ့ဖြိုးမှုအကူအညီဖြင့် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရောက်ရှိလာမှု မြန်ဆန်လှသည်။ အိုင်တီနည်းပညာကြောင့် အင်တာနက် စာမျက်နှာများ၊ ရုပ်မြင်သံကြားလိုင်းများ၊ ခေတ်မီတယ်လီဖုန်းများမှတစ်ဆင့် အလွယ်တကူ ဆက်သွယ်နိုင်ကြသည်။ နည်းပညာ၏ လွှမ်းမိုးမှုကြောင့် အားသာချက်များ အပုံအပင် ရရှိခံစားနိုင်သကဲ့သို့ အားနည်းချက်များကလည်း တွဲလျက်လိုက်ပါလာသည်။ မြန်မာနိုင်ငံတွင် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ ပုံသဏ္ဌာန်နှင့် ခေတ်စနစ်များကြောင့် လူမှုရေးရာနှင့် ယဉ်ကျေးမှုရေးရာများသည်လည်း ပြောင်းလဲလာသည်ကို တွေ့မြင်နေရသည်။ တိုးတက်ဖွံ့ဖြိုးလာသော နည်းပညာ၊ အတတ်ပညာများကြောင့် အမြတ်ရလာနိုင်သော အကျိုးရလဒ်များကို လိုအပ်သလို အသုံးချရမည်။ ထို့အတူ အန္တရာယ်ရှိသည့် ဆိုးကျိုးပြဿနာများကိုလည်း ဖြစ်နိုင်သမျှ ဟန့်တားထိန်းသိမ်းကာကွယ်ရန် လိုအပ်လာပါသည်။ ယခုအခါ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာပိုင်းကို လွတ်လပ်ခွင့်၊ ပွင့်လင်းခွင့်ရရှိရန် အလေးပေးပြောဆိုလာကြသည်။ လွတ်လပ်စွာရေးသားဖော်ပြခွင့်နှင့်အတူ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များ အပြိုင်အဆိုင် ပေါ်ပေါက်လာကြ၏။ ယနေ့လူငယ်များအပါအဝင် အရွယ်စုံက နေ့စဉ်ထွက်ရှိနေသည့် အမျိုးမျိုးသော ဂျာနယ်များကို ဝယ်ယူဖတ်ရှုမှု မြင့်မားလာနေသည်။ ထို့အတူ လိုင်းပေါင်းစုံက ထုတ်လွှင့်ပြသလျက်ရှိသော ရုပ်မြင်သံကြားလိုင်းများကိုလည်း နာရီနှင့်အမျှ ဖမ်းယူကြည့်ရှုမှု ရာခိုင်နှုန်းကလည်း မြင့်တက်လျက်ရှိနေပြန်သည်။ ဤကဲ့သို့သော ပတ်ဝန်းကျင်၏ ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ဝတ်စားဆင်ယင်မှုအပါအဝင် နေထိုင်မှုပုံစံ (Life Style) များ ရွေ့လျားပြောင်းလဲလာသည်။ ထိုရွေ့လျားပြောင်းလဲမှု၏ ဂယက်ကြောင့် မူလရှိရင်းစွဲ ပင်ကိုယဉ်ကျေးမှုများ ပပျောက်မသွားစေရန် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးစားလျက်ရှိကြသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများက ပို၍ပင် ဦးစားပေးလာကြသည်ကို ၎င်းတို့နိုင်ငံ၌ ကျင်းပသော ဆွေးနွေးပွဲများ၊ အခမ်းအနားများ၊ အသင်းအဖွဲ့များ၏ လှုပ်ရှားမှုများက သက်သေခံလျက်ရှိပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျကျန်နေသော တိုင်းပြည်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ခေတ်မီနည်းပညာ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများတွင် အများနည်းတူ ရင်ပေါင်တန်းနိုင်ရန် အတော်ပင် ရုန်းကန်ကြိုးစားရပေဦးမည်။ သို့ရာတွင် နောက်ကျခြင်း၏ ကောင်းကွက်များကတော့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဂုဏ်ယူဖွယ်ကျန်ရစ်တည်ရှိနေခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံကို ရောက်ရှိလာသူ နိုင်ငံခြားသားများက မြန်မာလူမျိုးများ ရိုးရာဝတ်စုံကို ဝတ်ဆင်၍ အလုပ်ခွင်ဝင်နေကြခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ သိမ်မွေ့ခြင်း၊ ကြီးသူကို ရိုသေခြင်းတို့ကို အံ့သြစွာဖြင့် ချီးကျူးကြသည်။ သို့ဖြစ်၍ မြန်မာလူမျိုးများအဖို့ စက်မှုဖွံ့ဖြိုးမှုအပိုင်းတွင် ဂုဏ်ယူဝင့်ကြွားနိုင်ခြင်း မရှိသေးသော်လည်း ရိုးရာယဉ်ကျေးမှုကြွယ်ဝစွာ တည်ရှိနေခြင်းများအပေါ်တွင် များစွာဂုဏ်ယူနိုင်ပါသည်။ ယခုအချိန်အခါတွင် ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိနေပါသည်။ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒ အပါအဝင် စီးပွားရေးအခြေခံအဆောက်အအုံများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ပြောင်းလဲလျက်ရှိနေသည်ကို တွေ့မြင်နေရပါသည်။ သို့ဖြစ်၍ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် စက်မှုကဏ္ဍဖွံ့ဖြိုးမှုများ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာမှာ သေချာပါသည်။ နိုင်ငံတကာ မီဒီယာများတွင်လည်း မြန်မာနိုင်ငံသို့ ဆောလျင်စွာ သွားရောက်ရင်းနှီးမြှုပ်နှံသင့်ကြောင်း အကြံပြုတိုက်တွန်းချက်သတင်းများက ရေပန်းစားလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ရှေးရာစုနှစ်ပေါင်းများစွာက ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအသီးသီး၏ ရိုးရာဓလေ့ဆင်ယင်ထုံးဖွဲ့မှုများအားလုံးနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများသည် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်ကျန်ရှိနေပါသေးသည်။

ယခုနောက်ပိုင်း အပြောများနေသည့် ခေတ်လူငယ်များ၏ ခေတ်လွန်ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကြောင့် ဂုဏ်ယူဖွယ်အဆင့်မှ လျော့ကျမသွားရလေအောင် နိုင်ငံသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းရပါမည်။ ဂလိုဘယ်လိုက်ဇေးရှင်း သဘောတရားအရ တားဆီးမရနိုင်သော Cross Culture များက မိနစ်တိုင်း ဖြတ်သန်းစီးဆင်း ဝင်ရောက်လာနေမှာဖြစ်ပါသည်။ ထိုသို့ ဝင်ရောက်လာနေမှုကို အမျိုးသားရေးအခြေခံစိတ်ဓာတ်ဖြင့်သာ ထိန်းသိမ်းကာကွယ်သွားရမည်ဖြစ်ပါသည်။ အစိုးရပိုင်ကျောင်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ရှိ ဆရာ ဆရာမများကလည်း ကျောင်းသားများအပေါ် အမျိုးသားရေး အခြေခံစိတ်ဓာတ်ကိန်းအောင်းအမြစ်တွယ်သွားအောင် အသိပညာပေးကာ ပြုစုပျိုးထောင်ပေးရပါမည်။ အလားတူ ပုဂ္ဂလိကပိုင်ကျောင်းများကလည်း မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မဖြစ်မနေပို့ချပေးရပါမည်။ ထို့အတူ မီဒီယာကဏ္ဍကလည်း ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးကို ဝိုင်းဝန်းလုပ်ဆောင်ပေးသင့်ပါသည်။ နိုးကြားတက်ကြွလာစေရန် လှုံ့ဆော်ပေးသင့်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များကလည်း ကုန်ပစ္စည်းကြော်ငြာရာတွင် မလုံမလဲ ဝတ်စားဆင်ယင်မှုများကို ရှောင်ရှားသင့်ပါသည်။ အထူးသဖြင့် ယမကာ ကြော်ငြာများသည် လိုအပ်သည်ထက် ပိုမိုလွန်ကဲနေကြောင်း တွေ့မြင်နေရပါသည်။ သရုပ်ဆောင်များကလည်း ရိုးရာယဉ်ကျေးမှုအရ လက်မခံသင့်သော ဝတ်စားဆင်ယင်မှုများကို အသိစိတ်ဓာတ်ဖြင့် ငြင်းပယ်သင့်ပါသည်။

အချုပ်အားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများ ရှိရင်းစွဲထက် လျော့နည်းပပျောက်မှုများ မဖြစ်ရလေအောင် စီမံခန့်ခွဲမှုပိုင်းမှ တာဝန်ရှိသူများ၊ ပညာရေးကဏ္ဍမှ ဆရာဆရာမများ၊ မီဒီယာကဏ္ဍမှ တာဝန်ရှိသူများ၊ စီးပွားရေးနယ်ပယ်စုံမှ လုပ်ငန်းရှင်များနှင့် မိဘများ၊ အနုပညာရှင်များ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

# မိုဘိုင်းနည်းပညာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၁၇**

HTC Corporation မှ အမှုဆောင်အရာရှိချုပ်၊ ဥက္ကဋ္ဌ Mr. Peter Chou က မိုင်ဘိုင်းနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံများ ရှင်းလင်းပွဲကို မေ ၁၉ ရက်(စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ပြည်နယ်အလိုက် ပြိုင်ပွဲများကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး ပြည်နယ်များအလိုက် ယဉ်ကျေးမှုသုခမပြိုင်ပွဲများ ညှိနှိုင်းတိုင်ပင်ပြုလုပ်

နေပြည်တော် မေ ၁၇

**တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ပြည်နယ်အလိုက် ပြိုင်ပွဲများကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် နံနက် ၉ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြည်နယ်များမှ ယဉ်ကျေးမှုဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်ဆိုင်ရာ ပညာရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးအတွက် ပြည်နယ်များအလိုက် ယဉ်ကျေးမှု သုခမပြိုင်ပွဲများ ပြုလုပ်ကြရာတွင် ပြိုင်ပွဲအမျိုးအစား၊ အမှတ်ပေးစနစ်များကို စနစ်တကျ ညှိနှိုင်းတိုင်ပင် ရွေးချယ်သတ်မှတ်ဆောင်ရွက်နိုင်ရေး၊ ထိုမှတစ်ဆင့် ဗဟိုမှကြီးကြပ်ကျင်းပဆောင်ရွက်သည့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုသုခမဘာသာရပ်များ ပေါင်းစပ်ပါဝင်ရေးတို့အတွက် အခြေခံစဉ်းစားဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ချပြဆွေးနွေးသည်။ ယင်းနောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်ပြီး ဗဟိုက ကြီးကြပ်ဆောင်ရွက်သည့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲအောင် မြှင့်တင်နိုင်မည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးတွင် ဆွေးနွေးချပြခဲ့သည့် အခြေခံစဉ်းစားဆောင်ရွက်ရမည့် အချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးပြီး ဆောင်ရွက်မည့်အခြေအနေများကိုလည်း မေလကုန် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ပါရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အသီးသီးမှ ယဉ်ကျေးမှုဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များက ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုသုခမပြိုင်ပွဲများ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးမှုအပေါ် ပြန်လည်ဆွေးနွေး တင်ပြချက်များ၊ ဗဟိုပြိုင်ပွဲနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ပညာရှင်များကလည်း လိုအပ်ချက်များအပေါ် ပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အသီးသီး၏ လိုအပ်ချက်များကို ကူညီဖြေရှင်းပေးနိုင်ရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများအဆင်ပြေအောင်မြင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

# နွေစပါးဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေမည့် လှည်းကူးမြို့နယ်က ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း

**သတင်းဆောင်းပါး**
**တင်ထွေး(သတင်းစဉ်)**

**ဓာတ်ပုံမှတ်တမ်း - ကိုထွေး**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးဖြစ်ထွန်းရေးအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီး မြစ်ရေတင်လုပ်ငန်း ၁၆ ခုနှင့် တည်ဆောက်ဆဲမြစ်ရေတင်လုပ်ငန်း ကိုးခု ပါဝင်သည်။**



**ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း၏ ရေတင်စက်ရုံနှင့် ရေပြိမ်ကန်တို့ကို ပန်းရစ္စာ တွေ့ရစဉ်။**

အဆိုပါ တည်ဆောက်ဆဲမြစ်ရေတင်လုပ်ငန်း ကိုးခုအနက် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီးရှိ ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းသည် စီမံကိန်းအကောင်အထည်ဖော်ဆဲကာလ၌ပင် စိုက်ပျိုးရေပေးဝေနိုင်သော အောင်မြင်မှုရရှိနေသည့် စီမံကိန်းတစ်ခုဖြစ်သည်။

ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းသည် ငမိုးရိပ်ချောင်းမှရေကိုစုပ်တင်၍ လယ်မြေဧက ၈၀၀၀ ကို စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်သည်။ သို့သော်လည်း ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့၏ ရေပေးဝေမည့် ဧရိယာ ထပ်နေမှုကို ကွဲကွဲပြားပြားဖြစ်စေရန် ကွင်းဆင်းတိုင်းတာခဲ့ပြီးနောက် ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း၏ အမှန်တကယ် ရေပေးဝေရမည့် ဧကမှာ ၅၅၄၈ ဧကသာဖြစ်ကြောင်း သတ်မှတ်ခဲ့သည်။

ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းသည် လှည်းကူးမြို့၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ငမိုးရိပ်ချောင်း၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး ၁-၁၂-၂၀၀၄ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းဧရိယာအတွင်း ဆင်ကူး၊ မုဆိုးညောင်ပင်၊ ရှမ်းရွာ၊ ဘိုးရင်ကလေး၊ အဝိုင်းအနောက်နှင့် မလစ်ကျေးရွာများ ပါဝင်သည်။

ငမိုးရိပ် လျှပ်စစ်ရေတင်စီမံကိန်း၏ ရေတင်စက်ရုံအမျိုးအစားမှာ Fixed Type ဖြစ်ပြီး ရေတင်အဆင့် (၁)ဆင့်၊ ရေအတက်အကျ ကွာခြားချက် ၁၅ ပေ၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက်မ ၂၀၀၊ ရေစုပ်စက် ခြောက်စုံ၊ ရေထွက်နှုန်း ၄၀ ကျူးဆက်၊ ရေတင်နိုင်မည့်အမြင့်ပေ ၃၀၊ 3 MVA ဓာတ်အားခွဲရုံ တစ်ရုံ၊ 33 ကေဗွီအေ ဓာတ်အားလိုင်း ၂ ဒသမ ၆ မိုင်၊ 11 ကေဗွီအေ ဓာတ်အားလိုင်း တစ်မိုင်တို့ ဖြစ်သည်။

စီမံကိန်းတည်ဆောက်ဆဲကာလ၌ပင် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ရာ နှစ်အလိုက် နွေစပါးရေပေးဝေနိုင်မှုအနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ၁၄၈ ဧက၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဧက ၇၀၀၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ၁၀၃၄ ဧက၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဧက ၁၈၀၀၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဧက ၂၁၀၀ ရေပေးဝေခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဧက ၃၅၀၀ အထိ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ငမိုးရိပ် လျှပ်စစ်ရေတင်စီမံကိန်း၏ စီမံကိန်းတာဝန်ခံ (ဦးစီးအရာရှိ) ဦးမြတ်ကိုကိုက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် "ဒီစီမံကိန်းဟာ ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံကိန်းအတွင်းမှာ ပါဝင်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ လေယာဉ်ဆင်းလမ်းအောက်မှာ တည်ရှိတဲ့စီမံကိန်းလည်းဖြစ်ပါတယ်။ ဒီစီမံကိန်းကို တောင်သူတွေကလည်း စိတ်ဝင်စားမှုရှိပြီး စပါးကိုပဲ အဓိကထားစိုက်ပျိုးကြပါတယ်။ နွေစပါးအပြင် မိုးစပါးရာသီမှာလည်း မိုးခေါင်လို့ပဲဖြစ်ဖြစ်၊ မိုးရွာသွန်းမှုနည်းပါးလို့ပဲဖြစ်ဖြစ် ရေလိုအပ်မှုရှိရင် ဖြည့်စွက်ရေပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။ မြစ်ရေတင်လုပ်ငန်းတွေရဲ့ ထူးခြားချက်ကတော့ မြစ်ရေကိုစုပ်တင်ပေးခြင်းဖြစ်လို့ နုန်းမြေပါဝင်မှုများပြားပြီး သီးနှံထွက်နှုန်းတိုးတက်ရေးကို အထောက်အကူဖြစ်စေပါတယ်" ဟု ပြောကြားသည်။

ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းသည် ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ လာမည့်နွေစပါးရာသီတွင် စီမံကိန်းလျာထားချက်၏ ၆၈ ရာခိုင်နှုန်းကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ငမိုးရိပ် လျှပ်စစ်ရေတင်စီမံကိန်း ဆောင်ရွက်နိုင်မှုကြောင့် ငမိုးရိပ်ချောင်းအတွင်း နုန်းပို့ချမှုကြောင့် ချောင်းတိမ်ကောမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ စီမံကိန်းနှင့် ဆက်စပ်နေသော ရပ်ကွက်/ ကျေးရွာများအချင်းချင်း ဆက်သွယ်သွားလာမှု လွယ်ကူစေခြင်း၊ နွေစပါး ၅၁၄၈ ဧကကို ရေပေးဝေနိုင်မှုကြောင့် ဒေသဝမ်းစာဖူလုံပြီး ကုန်ထုတ်စွမ်းအား တိုးတက်လာစေခြင်း၊ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သဖြင့် ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေခြင်းစသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



**ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း၏ ပင်မမြောင်းမှ လက်တံ(၁)နှင့် လက်တံ(၂) မြောင်းများသို့ ရေပေးဝေသည့် ရေထိန်းအဆောက်အအုံကို တွေ့ရစဉ်။**

**မပြောမပြီး မတီးမမြည် ¦ ဦးရှိန် (ဘဏ်ဥပဒေအကြံပေး)**

# လောက၏အလှကို ခံစားတတ်ကြပါစေ

*ပုထုဇဉ်လူသားများအားလုံးသည် အမိဝမ်းမှမွေးဖွားလာသည့် အချိန်မှစ၍ လူမှန်းသိတတ်စအရွယ်ရောက်လျှင် အလှအပ၊ အရသာနှင့် သာယာငြိမ့်ညောင်းသော အသံများကို ခုံမင်နှစ်သက်ကြသည်မှာ အထူးပင်ပြောရန်မလိုပါ။ ယင်းအလေ့အကျင့်များမှာ မည်သူတစ်ဦးတစ်ယောက်ကမျှ သင်ကြားပြသပေးရန်မလို အပ်ဘဲ အသက်အရွယ်ရလာသည်နှင့်အမျှ အလိုအလျောက် ခံစားတတ်လာကြပါသည်။ လူသားမှန်လျှင် အလှအပကို ခံစားတတ်ရပါသည်။ သို့ပါသော်လည်း တချို့သော လူငယ်လူရွယ်များမှာ ပြည်သူအများခံစားနိုင်ရေးအတွက် ခြယ်သထားသော အလှအပများကို အရုပ်ဆိုးအကျည်းတန်အောင် လုပ်ဆောင်လာကြသည်ကို တွေ့ရှိခဲ့ရပါသည်။*

*ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဓိကလမ်းမကြီးပေါ်ရှိ အစိုးရဌာနများ၊ အဆောက်အအုံများကို မျက်စိပသာဒရှိရေးနှင့် အလှအပများ ခံစားနိုင်ရေးအတွက် ဆေးသုတ်ခြင်းများ ပြုလုပ်ကြရန် စည်ပင်သာယာရေးကော်မတီက မှာကြားဆောင်ရွက်စေသဖြင့် ရောင်စုံအလှများဖြင့် ခြယ်သထားကြရာ အလွန်မှုကြည့်ရှု၍ ကောင်းမွန်ကာ လှပလျက်ရှိကြပါသည်။ သို့သော် တချို့သောသူတချို့က မည်သို့သောရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည်ကို မသိရဘဲ လှပစွာဆေးသုတ်ထားသော ခြံစည်းရိုးများ၊ အဆောက်အအုံများတွင် မှုတ်ဆေးများဖြင့် အရုပ်ဆိုးအောင် စာများ၊ ရုပ်ပုံများ နေရာအနှံ့ပြုလုပ်ထားသည်ကို တွေ့ရပါသည်။ ယင်းစာများနှင့် ရုပ်ပုံတချို့မှာလည်း မိဘနှင့်သားသမီး မမြင်အပ် မသိအပ်သော စာနှင့်ရုပ်ပုံများ ဖြစ်နေပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့သော သူများမှာ ၎င်းတို့ဆောင်ရွက်ခဲ့ခြင်းသည် အသေးအမွှား အရေးမကြီးသော ကိစ္စသာဖြစ်သည်ဟု ယူဆထားဟန်ရှိပါသည်။ အမှန်တကယ်မှာ မိမိ၏ စည်းကမ်းမဲ့ ဆောင်ရွက်လိုက်ခြင်းသည် မိမိအတွက်သာမက မိမိ၏ မိသားစုအသိုင်းအဝိုင်း၊ ထိုမှတစ်ဆင့် နိုင်ငံသိက္ခာကျဆင်းထိခိုက်စေသည်ကို သိရှိနားလည်ဟန်မရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ယခုလို နိုင်ငံတကာမှ ဧည့်သည်များ လာရောက်လည်ပတ်နေသော အချိန်တွင် ယခုလို အရုပ်ဆိုးအောင် ပြုလုပ်ထားသော စာများ၊ ရုပ်ပုံများကို မြင်တွေ့သွားပါက အထင်အမြင်သေးသွားမည့်အပြင် ကျန်သောမြန်မာနိုင်ငံသားများအပေါ်တွင်လည်း ယခုလို စည်းကမ်းမဲ့လုပ်သည်ဟု ယူဆသွားနိုင်ပါသည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်စေချင်ပါ။*



*ယခုအခါ နိုင်ငံတော်အစိုးရက ခေတ်သစ်စနစ်သစ်ဖြင့် တည်ဆောက်နေသော အချိန်တွင် ပြည်သူတိုင်းက စိတ်သစ် လူသစ်ဖြင့် ဒီမိုကရေစီနိုင်ငံကြီးသားပီသစွာ နေထိုင်ကျင့်ကြံဆောင်ရွက်သင့်ကြပါသည်။ ယခုခေတ်လူငယ်လူရွယ်တချို့မှာ အလှအပကို မခံစားတတ်ဘဲ လှပအောင်ပြုလုပ်ထားသော နေရာများတွင် အရုပ်ဆိုးအောင် ဖျက်ဆီးထားသောနေရာတချို့မှ စာနှင့်ပုံတချို့အား* ***(အပေါ်ပုံ)*** *ကြည့်မည်ဆိုပါက ပတ်ဝန်းကျင်ကို အကျည်းတန်စေပါသည်။ အများပြည်သူများ ခံစားရနိုင်သော အလှတရားကို ဖျက်ဆီးလိုက်ခြင်းမှာ မိမိအတွက်လည်း အကျိုးမရှိသလို အခြားသူများအတွက်လည်း နစ်နာဆုံးရှုံးစေပြီး နိုင်ငံ့ပုံရိပ်လည်း ကျဆင်းစေ၍ သတိပြုဆင်ခြင်နေထိုင်ကြစေလိုပါသည်။ ယနေ့ ခေတ်လူငယ်များမှာ နောင်တစ်ချိန် တိုင်းပြည်ကို ခေါင်းဆောင်မည့်သူများ ဖြစ်လာကြမည်ဖြစ်၍ ယခုအချိန်မှစ၍ပင် အနေအထိုင် အပြောအဆို အပြုအမူများအားလုံး ဆင်ခြင်နေထိုင်သွားကြပါရန် အကြံပြုတင်ပြလိုပါသည်။ သို့ပါ၍ ယနေ့ခေတ် လူငယ်လူရွယ်များ လောက၏ အလှတရားကို ခံစားတတ်ကြပါစေဟု. . .။ ။*

# နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် မေ ၁၇**

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber သည် ယနေ့နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ UNDP ၏ Normal Country Program အား ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ စီစဉ်ရေးဆွဲဆောင်ရွက်ရေးကိစ္စ၊ နိုင်ငံတကာ အကူအညီ အထောက်အပံ့များအတွက် အလှူရှင်များဖိတ်ခေါ် ကျင်းပသည့် ဆွေးနွေးပွဲများအား အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများက သီးခြားစီခွဲ၍ ဆောင်ရွက်မှုမျိုးမလုပ်ဘဲ ပြည်ထောင်စုနှင့် ဒေသဆိုင်ရာအစိုးရများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ ညှိနှိုင်းပြီး စုပေါင်းဆွေးနွေးပွဲများ ကျင်းပရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(အပေါ်ပုံ)**



အလားတူ ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU နှင့် French Development Agency (AFD)အဖွဲ့တို့က လာရောက်တွေ့ဆုံပြီး စိုက်ပျိုးရေးကဏ္ဍ၊ သောက်သုံးရေရရှိရေး ကဏ္ဍများတွင် အကူအညီ အထောက်အပံ့ပေးလိုသည့် အခြေအနေများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ဂျပန်နိုင်ငံ အခြေစိုက် Daiwa Institute of Research Limited, Mitsubishi Heavy Industry နှင့် ထိုင်းနိုင်ငံ အခြေစိုက် Toyo Thai Corporation Public Company Limited တို့က ငွေကြေးဈေးကွက် ဖွံ့ဖြိုးရေး၊ မြို့ပြဖွံ့ဖြိုးရေး၊ စက်မှုကဏ္ဍနှင့် စွမ်းအင်ဖွံ့ဖြိုးရေးတို့တွင် ပူးပေါင်းဆောင်ရွက်လိုသည့် အခြေအနေများကို လာရောက်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



ဖတ်စရာ မှတ်စရာ | သန်းငြိမ်းအောင် (ပညာရေး)

## ပညာ=အကြောင်းကိုသိသော

အကြောင်းကိုသိမှ အကျိုးကို မြော်မြင်နိုင်ကြမည်။ အကြောင်းမရှိဘဲ အကျိုးဖြစ်သည် မရှိဟု ပုဂံခေတ် သိယ်သူ့သမီးကျောက်စာတွင် ရေးထိုးထားခဲ့သည်။

ပညာသည် အကြောင်းအကျိုးကို သိစေနိုင်သည်။ လူသားအရင်းအမြစ်ကို ဖြစ်ပေါ်စေသည်။ လူသားအရင်းအမြစ်သည် တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်သောအရာသာ ဖြစ်သည်။ လူသားအရင်းအမြစ်ကို ကာလတိုဖြင့် မွေးထုတ်၍ မရနိုင်ပေ။ လူသားအားလုံး၏ နားလည်လက်ခံမှုဖြင့် လူသားအရင်းအမြစ်ကို သားစဉ်မြေးဆက် မွေးထုတ်ခဲ့ကြရသည်။

လူသားအရင်းအမြစ်မွေးထုတ်နိုင်ရန် မကြာမီပင် အခြေခံပညာကျောင်းများသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဖွင့်လှစ်ကြတော့မည်ဖြစ်သည်။

ပညာသင်နှစ် စတင်နိုင်ရန် ၂၀၁၂ ခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးနေ့များအဖြစ် ပိတ်ရက်မရှိဘဲ တစ်ပြည်လုံးရှိ အခြေခံပညာကျောင်းအားလုံးတွင် ဆရာ ဆရာမများက နွေးထွေးစွာ ကြိုဆိုနေကြမည်ဖြစ်ပါသည်။

မြို့နယ်အလိုက် ကျောင်းအပ်နှံရေးနေ့များကို ကျင်းပပြီးလည်း မြို့မိမြို့ဖများက အကူအညီပေးကြပါဦးမည်။

နိုင်ငံတော်တွင် ဆင်းရဲမှုပပျောက်ရေးကို ကြိုးပမ်းနေချိန်တွင် ဆင်းရဲမှုကြောင့် ဖြစ်ပေါ်လာသော အသိပညာနည်းပါးမှုကြောင့် ကျောင်းအပ်နှံမှုအနည်းငယ်လျော့နည်းနေခဲ့ပါသည်။

သူငယ်တန်းကျောင်းဝင်နှုန်းမှာ နှစ်စဉ် ရာခိုင်နှုန်းအနည်းငယ် လျော့နည်းနေခဲ့သည်။ အခြားအတန်းများမှာလည်း ကြားတွင် ပျောက်လျက်ရှိပါသည်။

နိုင်ငံတော်မှ မူလတန်းပညာ မသင်မနေရ ဖြစ်စေရန် လုံးပန်းနေပါသည်။ ယခုနှစ်အတွက် မူလတန်းပညာရေးမှာ အခမဲ့ပညာရေးဖြစ်ပြီး ပုံနှိပ်စာအုပ်အပြင် ဗလာစာအုပ်ခြောက်အုပ်စီ အခမဲ့ချီးမြှင့်ပေးဦးမည် ဖြစ်ပါသည်။ အလယ်တန်း၊ အထက်တန်းများမှာလည်း ကျောင်းလခနှင့် မိဘဆရာအသင်းကြေးမျှနှင့် ငွေကုန်ကြေးကျအသက်သာဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ထားကြပါသည်။

ယခုစာသင်နှစ်တွင် လူသားအရင်းအမြစ် အကြောင်းခံလိုက်ပြီဖြစ်ရာ အကျိုးရလဒ်ကောင်းကောင်းများ မြင်တွေ့နိုင်ကြရပါစေသတည်း။

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)ဌာနေ ကိုယ်စားလှယ် Mr. Mohamed Abdel-Ahad သည် မေ ၁၆ ရက် ညနေ ၅ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ UNFPA မှ ပံ့ပိုးကူညီဆောင်ရွက်မည့်အစီအစဉ်များ၊ သန်းခေါင်စာရင်းဥပဒေမူကြမ်းရေးဆွဲ ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၈-၅-၂၀၁၂ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ပရိတ်တရားတော်
- ၇း၄၀ ၂။ ဓမ္မနုဂ္ဂဟဓမ္မကဥ္စာ (ရွှေယမင်းဦး၊ တေးရေး- မျိုးနွယ်ဆွေ၊ စကားပြော- သိန်းလှမော်)
- ၇း၅၀ ၃။ သံသာချိုအေး မင်္ဂလာတေး
- ၈း၂၅ ၄။ " ပြဒါးသေတစ်ဆွေ့ဝ . . သံသေတစ်ပြည်ဝ "

**ညပိုင်း**

- ၄း၂၀ ၁။ " ရိုးရာကျေးလက်ကစားနည်း"
- ၄း၃၀ ၂။ " လောကရဲ့အလှရတနာ"
- ၄း၄၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု)(ပထဝီဝင်)
- ၅း၂၅ ၄။ မြန်မာစာ၊ မြန်မာစကား
- ၅း၄၀ ၅။ "စုစည်းခံစားကမ္ဘာ့အားကစား"
- ၅း၅၀ ၆။ "ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ"
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၆ )**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၆)**
- ၁၃။ သီချင်းချစ်သူ

# နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းဆိုင်ရာ လုပ်ငန်းများ၊ စက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကဏ္ဍရပ်များတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများအပေါ် လာရောက်စူးစမ်းလေ့လာကြသည့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ရှိ News Briefing Room ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍**(အောက်ပုံ)** သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းရှိသည့် အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကမ္ဘာ့မိခင်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၇**

မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ် ဗုဒ္ဓဘာသာ ယူနန်ဘုရားကျောင်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက်ပိုင်းက ယင်းကျောင်းဝင်းအတွင်းရှိ ခန်းမဆောင်(၂)၌ ကျင်းပရာ မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်း၊ အမျိုးသား သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စိန်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဗုဒ္ဓဘာသာယူနန်ဘုရားကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်နိုင်၊ အတွင်းရေးမှူး ဦးစံလှိုင်၊ ပြင်ပဆက်ဆံရေးတာဝန်ခံ ဒေါက်တာအောင်ရဲနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သွေးလှူရှင်များက လှူဒါန်းသော သွေးအိတ်များနှင့် ငွေကျပ် ငါးသိန်းကို ယူနန်ဘုရားကျောင်းဂေါပကအဖွဲ့က ပေးအပ်လှူဒါန်းရာ အမျိုးသားသွေးလှူဘဏ် (မန္တလေး)တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စိန်ဝင်းက လက်ခံပြီး သွေးလှူရှင် အမှတ်တရတံဆိပ်နှင့် ဂုဏ်ပြုလွှာကတ်ပြားများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အရိပ်နေခက်ချိုး ကိုင်းကျိုး ရွက်မစည်**

# ဓမ္မာရုံ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၇**

ရွှေဖောင်ဒေးရှင်းက မတည်လှူဒါန်းမည့် ဓမ္မာရုံရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းဆုံရှိ မင်္ဂလာနေရာ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးသန်းဌေး၊ ဒေါက်တာသန်းအောင်၊ ဦးကံချွန်နှင့် ပျဉ်းမနားမြို့မှ မြို့မိမြို့ဖ ဦးလှမြင့်တို့က ပန္နက်တော်များကို တင်ပေးကြသည်။

အဆိုပါ ဓမ္မာရုံကို ပျဉ်းမနားမြို့ ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းဆုံရှိ မြေအကျယ်အဝန်း ၄ ဒသမ ၉၇ ဧက၌ သံကူကွန်ကရစ်နှစ်ထပ် ဆောက်လုပ်သွားမည်ဖြစ်ရာ ဓမ္မာရုံအဆောက်အအုံနှစ်လုံး၊ အုပ်ချုပ်မှုရုံး အဆောက်အအုံတစ်လုံးတို့ ပါဝင်ပြီး စုစုပေါင်း ကြမ်းခင်းဧရိယာ ၁၀၀၅၁၅ စတုရန်းပေရှိကြောင်း၊ နှစ်ထပ်ဓမ္မာရုံအဆောက်အအုံတစ်လုံးစီတွင် ဓမ္မသဘင်များ၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများပြုလုပ်နိုင်သည့် အလျား ၁၄၄ ပေ၊ အနံ ၇၂ ပေရှိ ဓမ္မခန်းမ နှစ်ခန်းစီ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဓမ္မာရုံတည်ဆောက်ရေးအတွက် ရွှေဖောင်ဒေးရှင်းက မတည်လှူဒါန်းပေးပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ စေတနာရှင်အလှူရှင်များကလည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း၊ ဓမ္မာရုံပြီးစီးပါက ဘာသာရေးဆိုင်ရာ စာမေးပွဲများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများကို ခမ်းနားစွာဖြင့် ကျင်းပနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ရွှေဖောင်ဒေးရှင်းက မတည်လှူဒါန်းမည့် ဓမ္မာရုံ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် ပန္နက်တော်တင်ပေးစဉ်။** (သတင်းစဉ်)

# TARUNG DERAJAT အားကစားနည်း ဒိုင်နှင့် နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၇**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် TARUNG DERAJAT အားကစားနည်း ဒိုင်နှင့်နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရွှေကြာပင်ရှိ နိုင်ငံတော် အားကစားလေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အပြည်ပြည်ဆိုင်ရာ TARUNG DERAJAT အဖွဲ့ချုပ် (IFTD) နှင့် အာရှမွေ အားကစားအဖွဲ့ချုပ် (AMF) ဥက္ကဋ္ဌ MR. SANTIPHARP INTARAPHARP၊ လာအိုနှင့်ဗီယက်နမ်နိုင်ငံ TARUNG DERAJAT အဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ တာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံ၏ မျိုးဆက်သစ်လူငယ်များနှင့် ပြည်သူတစ်ရပ်လုံး TARUNG DERAJAT အားကစားနည်းကို ကိုယ်လုံပညာတစ်ရပ်အနေဖြင့် လေ့ကျင့်လိုက်စားပြီး နိုင်ငံ့လက်ရွေးစင်အဆင့်အထိ ပါဝင်ယှဉ်ပြိုင်နိုင်သူများ ပေါ်ပေါက်လာစေရေး ကြိုးစားလေ့ကျင့်ကြရန် ပြောကြားသည်။

ဆက်လက်၍ IFTD နှင့် AMF ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြဆရာများအား အမှတ်တရ လက်ဆောင်များနှင့် သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသားများက TARUNG DERAJAT အားကစားနည်းဖြင့် သရုပ်ပြသကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း TARUNG DERAJAT အားကစားနည်း ဒိုင်နှင့် နည်းပြသင်တန်းဆင်းပွဲတွင် သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဂမုန်းပွင့်(သိမ်ကြီးဈေး) ဖွင့်ပွဲတက်ရောက်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဂမုန်းပွင့်(သိမ်ကြီးဈေး)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် သိမ်၊ ကျောင်းထိုင်ဆရာတော်ကျောင်းဆောင်နှင့် ဆွမ်းချက်ဆောင်များ ဆောက်လုပ်ပြီးဖြစ်ကာ သုံးထပ်စာသင်သား သံဃာတော်ဆောင်မှာ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ နာယကဆရာတော်များ သီတင်းသုံးဆောင်၊ ဘွဲ့နှင်းသဘင်ဆောင်၊ သုံးထပ်စာသင်ဆောင်၊ ဧည့်တည်းခိုဆောင်၊ ရုံးခန်း၊ ဆွမ်းစားဆောင်၊ မုခ်ဦးနှင့် ခြံစည်းရိုးများ ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းတစ်ခုလုံး၏ ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၂၉၀၀၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား Japan International Cooperation Agency (JICA) မြန်မာမှ Senior Representative Mr. Katsuyoshi SAITO ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့ ရေပေးဝေရေး၊ မိလ္လာစနစ်နှင့် ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)





**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ဂမုန်းပွင့် (သိမ်ကြီးဈေး) ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။** (သတင်းစဉ်)

# အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

နေပြည်တော် မေ ၁၇

**ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သထုံမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ မအူပင်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၄၈ လက်မနှင့် ပေါင်မြို့တွင် ၂ ဒသမ ၄၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်။

# မြန်မာရုပ်ရှင် ဇာတ်ကားသစ် “ငါမင်းကို” ရုံတင်

**ရန်ကုန် မေ ၁၇**

မြန်မာရုပ်ရှင်ဇာတ်ကားသစ်မျှော်လင့်နေကြသူ ရုပ်ရှင်ပရိသတ်များအတွက် ယနေ့ သောကြာနေ့တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **“ငါမင်းကို”** ကို ရန်ကုန်မြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာ(၁)သိမ်ကြီးဈေးရုံတို့တွင် ရုံတင်ပြသမည်ဖြစ်သည်။ ဤဇာတ်ကားကို ခင်စပယ်ဦး ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ မြင့်မိုရ်ဦး၏ ဇာတ်လမ်းကို လက်ာညီအရိုးတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ညဏ်တင်စိုးက တာဝန်ယူရိုက်ကူးထားသည့် ဟာသဇာတ်ကားတစ်ကားဖြစ်သည်။ ဇာတ်လမ်းမှာ မိန်းမကြောက်ရသည့် အိမ်ထောင်ရှင်ယောက်ျားနှစ်ဦး မိန်းမများကို စိတ်ကူးဖြင့် ပြန်တော်လှန်ရာမှ စိတ်ကူး အကောင်အထည်မပေါ်နိုင်ဘဲ မိန်းမများ၏ ပြန်လည်ပညာပေးခြင်းခံကြရပုံကို ဟာသဉာဏ်ပါပါနှင့် ပရိသတ်အကြိုက်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ အကယ်ဒမီလူမင်း၊ အကယ်ဒမီပြေတီဦး၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ မိုးဟေကိုနှင့် ဟာသသရုပ်ဆောင်များစွာ ပါဝင်ကြသည်။

**နိုင်ငံခြားရုပ်ရှင်**

မင်္ဂလာ(၂)ဒဂုံစင်တာ (၂)မြေနီကုန်းတွင် အက်ရှင်မင်းသားဂျက်လီ ပါဝင်သည့် FLYING SWORD OF DRAGON GATE(3D) ဇာတ်ကား၊ ရွှေဆောင်ရုံတွင် BATTLE SHIP ဇာတ်ကြမ်းကားနှင့် နေပြည်တော်ရုံတွင် WRATH OF THETITANS ဇာတ်ကားများ ဆက်လက်ပြသမည်ဖြစ်သည်။

## ဥတုရာသီ တောကို မှီ၏

**✳ ကျောဖုံးမှ**

ဂရင်နာဒင်းစ်တို့ကလည်း ၂၀၂၀ ပြည့်နှစ်တွင် ပြန်ပြည့်မြဲစွမ်းအင်ကို ၆၀ ရာခိုင်နှုန်း သုံးစွဲသွားရန် မျှော်မှန်းထားသည်။

**ထုတ်လုပ်မည်**

အရှေ့တိမောအစိုးရကလည်း ၎င်း၏မြို့တော် ဒီလီတွင် ထင်းမီးသုံးစွဲချက်ပြုတ်မှုများကို ၂၀၁၅ ခုနှစ်တွင် လုံးဝကင်းရှင်းစေမည်ဟု သန္နိဋ္ဌာန်ပြုခဲ့ပြီး ဆယ်စုနှစ်အကုန်တွင် နိုင်ငံ၏ ဓာတ်အားသုံးစွဲမှုထက်ဝက်ကို ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်လုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိမိတို့၏ ရည်မှန်းချက်များမှာ အလှမ်းကျယ်လှသည်ဟု သိနားလည်ပါသော်လည်း လွန်စွာစိတ်လှုပ်ရှားမိကြောင်း၊ အခက်အခဲများကို မမှုကြောင်းနှင့် ယင်းအခက်အခဲများသည် မိမိတို့အား စေ့ဆော်တွန်းအားပေးနေသည့်အရာများသာဖြစ်ကြောင်း ကွတ်ကျွန်းများ၏ ဝန်ကြီးချုပ် ဟင်နရီပူနာက အေအက်ဖ်ပီသို့ ပြောကြားသည်။ **အင်တာနက်။**



**ပျဉ်းမနားမြို့တွင် မေ ၁၆ ရက် ညနေ ၄ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် မီးရထားဝန်ထမ်းအိမ်ရာလိုင်းခန်းရှိ အိမ်ပေါ်သို့ သစ်ပင်ပြိုလဲကျစဉ်။** (မင်းမင်းလတ်)

## သ ဘာ ဝ ဘေး အန္တ ရာ ယ် သ တင်း များ

# ညောင်ပင်အောက်တွင် မိုးခိုနေသူသုံးဦး မိုးကြိုးပစ်၍သေဆုံး

**အုတ်တွင်း မေ ၁၇**

မေ ၁၅ ရက် ည ၇ နာရီခန့်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ခင်ကုန်းကျေးရွာ ခွာဖြူအင်းတဲကုန်းအနီး ညောင်ပင်အောက်တွင် ကျောင်းကုန်းကျေးရွာနေ မစန်းမော် (၃၃)နှစ် (ဘ)ဦးဖိုးစန်း၊ နောင်ပြောင်းဆန်(၃)နှစ် (ဘ)ဦးစိုး၊ မဇင်မာအေး(၂၂)နှစ် (ဘ)ဦးစိုးနိုင်တို့ သုံးဦးသည် မိုးထစ်ချုန်းရွာသွန်း၍ မိုးခိုနေစဉ် မိုးကြိုးပစ်ချသဖြင့် နေရာတွင်ပင် သေဆုံးခဲ့ရပြီး ၎င်းတို့အနီးရှိ မောင်မင်းနိုင်(၂၃)နှစ် (ဘ)ဦးမောင် ကျောင်းကုန်းရွာနေသူသည် စက်ကွင်းမိ၍ သတိလစ်မေ့မြောသွားခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဇောဓိကုန်း အမြန်လမ်းရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်(၁/၂၀၁၂)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရပြီး ယခုကဲ့သို့ မိုးဦးလေဦးကျစအချိန်တွင် မိုးကြိုးများ မကြာခဏ ပစ်ချလေ့ရှိသောကြောင့် သတိပြုသွားလာကြရန် လိုအပ်ပေသည်။ **ကိုလွင်(ဆွာ)**

# စင်ကာပူဖလားပြိုင်ပွဲဝင်ရန် ကမ္ဘောဇအသင်းထွက်ခွာ

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ စင်ကာပူဖလားရှုံး၊ ထွက်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် MNL ကလပ် ကမ္ဘောဇအသင်းသည် ယနေ့မွန်းလွဲပိုင်းက စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ကမ္ဘောဇဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝင်းမြင့်ဦး၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်လောက်၊ အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် မစ္စတာဘီဇာဂျီ၊ နည်းပြအဖြစ် ဦးသန်းထိုက်၊ မီဒီယာတာဝန်ခံ ဦးချမ်းမြေ့လှိုင်၊ အားကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ထက်၊ ရဝေဇင်၊ နောက်တန်း-ဟန်ဝင်းအောင်၊ ဝင်းမင်းထွန်း၊ ဟန်ဆန်၊ ညဏလွင်၊ ကျော်ကျော်မျိုး၊ ဇော်မျိုးမင်း၊ အလယ်တန်း- လှအေးထွေး၊ အေးဆန်း၊ နူနက်ဖ်၊ သိန်းသန်းဝင်း၊ ဇင်မျိုးအောင်၊ မိုင်းအိုက်နိုင်၊ နေဝင်းအောင်၊ ရှေ့တန်း- စိုးမင်းဦး၊ ချာလက်စ်အိုဘီနှင့် ခိုင်ဇော်ထွန်းတို့ လိုက်ပါသွားကြသည်။



ယင်းပြိုင်ပွဲကို အိမ်ရှင် စင်ကာပူကလပ်အသင်း ၁၁ သင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် မြန်မာတို့မှ တစ်သင်းစီစုစုပေါင်း ၁၆ သင်းယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ကမ္ဘောဇအသင်းသည် ပထမအဆင့်အဖြစ် မေ ၁၉ရက်တွင် ဝုလန်းဝယ်လင်တန် (စင်ကာပူ)နှင့် ကစားရမည်ဖြစ်သည်။

## သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟတရားစခန်း တည်ဆောက်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တဌာန၏ပုံစံနှင့် အတိုင်းအတာအတိုင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီ ကုန်းတော်ပြင်တွင် သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟတရားစခန်းကို တည်ထားကိုးကွယ်လျက်ရှိပါသည်။ အဆိုပါ ကုန်းတော်ပြင်၌ သတ္တသတ္တာဟမဟာဗောဓိစေတီတော် အနန္တရာယိက မြေသန့်၊ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာနှင့် ပထမအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၁၃၇၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၁၉-၈-၂၀၁၁ (သောကြာနေ့)တွင် လည်းကောင်း၊ သတ္တသတ္တာဟမဟာဗောဓိ စေတီတော် မူလဌာပနာတော်သွင်းနှင့် အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကို ၁၃၇၄ ခုနှစ် ကဆုန်လပြည့်နေ့ ၅-၅-၂၀၁၂ (စနေနေ့)တွင်လည်းကောင်း ကျင်းပခဲ့ပါသည်။

သို့ဖြစ်ရာ သဒ္ဓါကြည်လင် စေတနာရှင်များအနေဖြင့် သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟတရားစခန်း တည်ဆောက်ရေးအတွက် နဝကမ္မအလှူငွေများအား အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်-** ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ ၀၆၇-၄၁၄၂၀၅

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## မြန်မာဘောလုံးလောကသတင်းတိုများ

**2012 AFF Women's Championship**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်(AFF)က စီစဉ်ကျင်းပမည့် 2012 AFF Women's Championship ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် လာမည့်စက်တင်ဘာ ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(က)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ စင်ကာပူအသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲ၏ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ လာအိုအသင်းတို့နှင့် အတူတကွ ကျရောက်နေသည်။

**မြဖူးငုံ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းဂိုးသမား မြဖူးငုံသည် ညာဒူးအရွတ်ထိခိုက်ဒဏ်ရာအား ကုသမှုခံယူနေဆဲဖြစ်ရာ ပြီးခဲ့သည့်အပတ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ထပ်မံသွားရောက်ပြသခဲ့ပြီးနောက် ထပ်မံအနားယူရန် လိုအပ်ဦးမည်ဖြစ်ကြောင်းနှင့် အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲအား လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

**ကမ္ဘောဇအက်ဖ်စီ**

စင်ကာပူဖိတ်ခေါ်ဖလားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် ထွက်ခွာသွားသည့် ကမ္ဘောဇအက်ဖ်စီအသင်းသည် မေ ၁၉ ရက်တွင် စင်ကာပူကလပ် Woodlands Wellington FC အသင်းနှင့် စတင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် စင်ကာပူကလပ်အသင်း ကိုးသင်းနှင့်အတူ ဂျပန်၊ မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင် စသည့်နိုင်ငံများမှ ကလပ်အသင်းတစ်သင်းစီ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စင်ကာပူဖိတ်ခေါ်ဖလားကို ယမန်နှစ်က ဟံသာဝတီယူနိုက်တက်အသင်းသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

**နေပြည်တော်အက်ဖ်စီ**

နေပြည်တော်ဘောလုံးအသင်းသည် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံး သုံးသင်းစာရင်းတွင် ရပ်တည်နိုင်ခဲ့ပါက ဥရောပ ခြေစမ်းပွဲခရီးစဉ် စီစဉ်ပေးမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက အသင်းပိုင် ဝက်ဘ်ဆိုက်မှ တစ်ဆင့် ထုတ်ဖော်ပြောကြားသည်။

**ရက္ခပူရအက်ဖ်စီ**

ရက္ခပူရအက်ဖ်စီသည် ဘရာဇီးလ်နည်းပြ လီယိုနာဒိုအား ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း သိရသည်။ လီယိုနာဒိုလက်ထက် ရက္ခပူရအသင်းသည် ရလဒ်များ ကောင်းမွန်ခဲ့ခြင်းမရှိဘဲ အမှတ်ပေးဇယားအောက်ခြေသို့ ရောက်ရှိနေသည်။

**MNL 2012 လူငယ်အသင်းပြိုင်ပွဲရလဒ်များ**

| | | |
|---|---|---|
| ရန်ကုန် | ၁-၁ | ဆောက်သမ်း |
| ဧရာဝတီ | ၁-၀ | ရတနာပုံ |
| ဇေယျာရွှေမြေ | ၂-၂ | မနောမြေ |
| နေပြည်တော် | ၁-၀ | ချင်းယူနိုက်တက် |
| ကမ္ဘောဇ | ၃-၂ | ရက္ခပူရ |
| ဟံသာဝတီ | ၀-၀ | ဇွဲကပင် |

ဇော်မင်းအောင်(၁၀၇)

## သတိပေးနှိုးဆော်ချက်

၁။ စက်သုံးဆီသယ်ယာဉ်(Bowser)ဖြင့် စက်သုံးဆီများ သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရပြီး စနစ်တကျရှိစေရေးအတွက် ထုတ်ပြန်ထားသည့် တည်ဆဲရေနံအက်ဥပဒေ၊ နည်းဥပဒေများအရ အောက်ပါတို့ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်-

(က) စက်သုံးဆီသယ်ယာဉ်တွင် တည်ဆောက်တပ်ဆင်ထားသည့် ဝမ်းလောင်းတိုင်ကီ (Bowser Tank)၊ မီးကာသံပြား (Shield)များ၊ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဆီတင်ဆီချပိုက်များ၊ အဖွင့်အပိတ် ဘားများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မြေစိုက်ကြိုးနှင့် Exhaust Pipe စသည်တို့သည် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီဖြစ်ရမည်။

(ခ) Bowser Tank ကိုယ်ထည်၏ ဘေးဝဲ၊ ယာနှစ်ဖက်နှင့် နောက်ဘက်တို့တွင် "မီးလောင်လွယ်သည်" "မီးသတိပြု" "လောင်စာဆီအမျိုးအစားနှင့်ဝင်ဆံ့ဂါလန်အရေအတွက်"နှင့် "ယာဉ်နံပါတ်"တို့ကို သိသာထင်ရှားစွာ ရေးသားထားရမည်။

(ဂ) ယာဉ်မောင်းသူ၏ လေကာမှန်အထက်နားတွင် "တစ်နာရီ မိုင် ၃၀ ထက်မပိုရ" စာတန်းအား ထင်ရှားစွာ ရေးသားထားရမည်။

(ဃ) ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိယာဉ်ဖြစ်ရမည်။

(င) စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် သတ်မှတ်သက်တမ်း ကာလအတိုင်း ယာဉ်စစ်ဆေးမှုကိုခံယူ၍ ဝင်ဆံ့ဂါလန်တိုင်းတာသတ်မှတ်ရန် ရေချိန်ဝင်ရမည်။

(စ) သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနတွင် သတ်မှတ်သက်တမ်းကာလအတိုင်း စက်သုံးဆီသယ်ယူခွင့်ပါမစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရမည်။

၂။ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ**

## နေပြည်တော်တွင် ဘောလုံးအကယ်ဒမီကျောင်း ဖွင့်လှစ်မည်

**နေပြည်တော် မေ ၁၇**

နေပြည်တော် FC ဘောလုံးအသင်းသည် မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ လူငယ်အားကစားမျိုးဆက်သစ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက် နေပြည်တော်တွင် လူငယ်ဘောလုံးအကယ်ဒမီတစ်ခု တည်ဆောက်သင်ကြားသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သိရသည်။

လူငယ်ဘောလုံး အကယ်ဒမီတွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ မျိုးဆက်သစ် လူငယ်အားကစားသမားများ လာရောက်သင်ကြားနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပြီး နေပြည်တော် FC ဘောလုံးအသင်းအတွက်သာမက နိုင်ငံ့လက်ရွေးစင်အသင်းတွင် ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် FC လူငယ်ဘောလုံးအကယ်ဒမီ မဖွင့်လှစ်မီ ယခင်က ရတနာပုံ FC၊ ရန်ကုန်ယူနိုက်တက် FC နှင့် ဧရာဝတီယူနိုက်တက် FC အသင်းဟူ၍ ဘောလုံးအကယ်ဒမီသုံးခု ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ရာ ယခုဖွင့်လှစ်မည့် နေပြည်တော်အသင်း၏ ဘောလုံးအကယ်ဒမီသည် မြန်မာနေရှင်နယ်လိဂ်အသင်းများထဲတွင် စတုတ္ထမြောက်ဖြစ်ကြောင်း သိရသည်။

သင်တန်းသားဦးရေ ၃၀ ဖြင့် စတင်လက်ခံဖွင့်လှစ်သွားမည်ဖြစ်ပြီး အသက်အပိုင်းအခြားကို အသက်(၁၀)နှစ်မှစတင်ကာ ဘောလုံးအတွေ့အကြုံရှိသော အသက်(၁၅)နှစ်မှ(၁၆)နှစ်ရှိလူငယ်များအား လက်ခံသွားမည်ဖြစ်ပြီး ကျောင်းနေအရွယ်လက်ရှိကျောင်းသားဖြစ်ပါက မန္တလေးအားကစားသိပ္ပံကျောင်းကဲ့သို့ ကျောင်းထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မင်းမင်းလတ်)

## နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

နိုင်လင်းကြည်

### ယူရို ၂၀၁၂ အတွက် ကစားသမားစာရင်း အင်္ဂလန်ထုတ်ပြန် ဂျာရတ်အား အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်

**အင်္ဂလန် မေ ၁၇**

အင်္ဂလန်အသင်း မန်နေဂျာသစ် ရွိုင်းဟော့ဂ်ဆန်သည် လာမည့်ဇွန်လတွင် ယှဉ်ပြိုင်မည့် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်အား အင်္ဂလန်အသင်း



ခေါင်းဆောင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ကြောင်း မေ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

စပါးကွင်းလယ်ကစားသမား စကော့ပါကာကို အင်္ဂလန်အသင်းခေါင်းဆောင် ရွေးချယ်မည့် ခုနစ်ဦးစာရင်းတွင် ထည့်သွင်းထားခဲ့သော်လည်း အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က လီဗာပူးကွင်းလယ်ကစားသမား ဂျာရတ်ကိုသာ အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။

ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီသည် ရွိုင်းဟော့ဂ်ဆန်၏ ကစားသမားစာရင်းတွင် ပါရှိခဲ့သော်လည်း မန်ယူကစားသမား ရီယိုဖာဒီနန်၏ ညီတော်စပ်သူ ကျူပီအာကစားသမား အန်တွန်ဖာဒီနန်အား လူမျိုးရေးခွဲခြားမှုကြောင့် ဇူလိုင်လတွင် တရားရေးရင်ဆိုင်ရမည်ဖြစ်သည့်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဂျွန်တယ်ရီအား အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်မှ ရပ်စဲခဲ့သည်။

*အင်္ဂလန်နှင့် လီဗာပူးကွင်းလယ် ကစားသမား စတီဗင်ဂျာရတ်။*

ထို့ကြောင့် ဝက်စ်ဘရွန်းနှင့် ဖူလ်ဟမ်အသင်းမန်နေဂျာဟောင်း အင်္ဂလန်အသင်းနည်းပြသစ် ရွိုင်းဟော့ဂ်ဆန်က စတီဗင်ဂျာရတ်အား အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းက ကစားသမား ၂၃ ဦးစာရင်းကို မေ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့ရာ ဂိုး-ဂျိုးဟက်(မန်စီးတီး)၊ ရောဘတ်ဂရင်း(ဝက်စ်ဟမ်း)၊ ဂျွန်ရူဒီ(နော့ဝှစ်ချ်)၊ နောက်တန်း-အက်ရှ်လေကိုးလ်(ချယ်လ်ဆီး)၊ ဂျွန်တယ်ရီ(ချယ်လ်ဆီး)၊ ဂျွန်ဆင်(လီဗာပူး)၊ ဖီးလ်ဂျုံး(မန်ယူ)၊ ဘေးနက်စ်(အဲဗာတန်)၊ လက်စကော့(မန်စီးတီး)၊ ဂါရီကာဟေးလ်(ချယ်လ်ဆီး)၊ ကွင်းလယ် - စတီဗင်ဂျာရတ်(လီဗာပူး)၊ လမ်းပတ်(ချယ်လ်ဆီး)၊ စကော့ပါကာ(စပါး)၊ ဂျိမ်းစ်မီနာ(မန်စီးတီး)၊ ဂါရက်ဘယ်ရီ(မန်စီးတီး)၊ စတီးဝက်ဒေါင်းနင်း(လီဗာပူး)၊သီယိုဝဲလ်ကော့ (အာဆင်နယ်)၊ ချန်ဘာလိန်း(အာဆင်နယ်)၊ အက်ရှ်လေယန်း(မန်ယူ)၊ ရှေ့တန်း-ရွန်းနီ(မန်ယူ)၊ ဒန်နီဝဲဘက် (မန်ယူ)၊ အန်ဒီကာရိုး(လီဗာပူး)၊ ဂျာမိန်းဒီဖိုး(စပါး)တို့ ဖြစ်ကြသည်။

**အင်တာနက်။**

### ဘာလော့တယ်လီအား ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အီတလီအသင်း ကစားသမားအဖြစ် ရွေးချယ်

**အီတလီ မေ ၁၇**

မန်စီးတီးတိုက်စစ်မှူး မာရီယိုဘာလော့တယ်လီအား ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အီတလီအသင်းမန်နေဂျာ ပရန်ဒယ်လီက အီတလီအသင်း၏ ကစားသမား ၃၂ ဦးစာရင်းတွင် ထည့်သွင်းရွေးချယ်လိုက်ပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာလော့တယ်လီသည် ဖေဖော်ဝါရီလက နိုင်ငံအသင်းမှ ထွက်ခွာခဲ့သူဖြစ်သည်။ သို့သော် ပရီမီယာလိဂ်ပွဲစဉ် (၃၈)အပြီးတွင် မန်စီးတီးအသင်းက ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့ပြီးနောက် အီတလီနည်းပြ ပရန်ဒယ်လီက ဘာလော့တယ်လီအား အီတလီအသင်းအတွက် ခေါ်ယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီတလီအသင်းသည် အုပ်စု(C)တွင် စပိန်၊ အိုင်ယာလန်နှင့် ခရိုအေးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အီတလီအသင်းမန်နေဂျာ ပရန်ဒယ်လီက မေ ၂၉ ရက်တွင် ကြေညာမည့် အသင်း၏ ကစားသမား ၂၃ ဦးစာရင်းတွင်လည်း မန်စီးတီးတိုက်စစ်မှူး မာရီယိုဘာလော့တယ်လီကို ရွေးချယ်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

လက်ရှိ အီတလီအသင်းက ရွေးချယ်ထားသည့် ကစားသမားများမှာ ဂိုး-ဘက်ဖွန်(ဂျူဗင်တပ်)၊ ဒီဆန်းတစ်(နာပိုလီ)၊ ဆီရီဂူ(ပီအက်စ်ဂျီ)၊ ဗီဗီယာနို(ပါလာမို)၊ နောက်တန်း - ဒီအဘိတ်(အေစီမီလန်)၊ အက်စ်တွန်(ကယ်ဂလီယာရီ)၊ ဘယ်ဇာရက်တီ(ပါလာမို)၊ ဘာဇာဂလီ(ဂျူဗင်တပ်)၊ ချီလီနီ(ဂျူဗင်တပ်)၊ ခရစ်ဆီတို(ဇင်းနစ်)၊ မာဂီယို(နာပိုလီ)၊ ရာနော့ချီးယား(အင်တာမီလန်)၊ ကွင်းလယ်-စီဂါရီနီ(အတ္တလန္တာ)၊ ဒီရော့စီ(ရိုးမား)၊ ဒီယာမန်တီ(ဘိုလော့နာ)၊ မာချီဆီယို(ဂျူဗင်တပ်)၊ မွန်တိုလီဗို(ဖီအိုရင်တီးနား)၊ သီယာဂိုမော့တာ(ပီအက်စ်ဂျီ)၊ နိုစီရီနို(အေစီမီလန်)၊ ရှေ့တန်း-ဘာလော့တယ်လီ(မန်စီးတီး)၊ ဘိုရီနီ(ရိုးမား)၊ ကက်ဆာနို(အေစီမီလန်)၊ ဒက်စထရို(ဆီစီနာ)၊ ဒီနာတယ်လီ (အူဒီးနီးစ်)နှင့် ဂျီယိုဗင်ကို (ပါးမား)တို့ ဖြစ်ကြသည်။



*အီတလီနှင့် မန်စီးတီးတိုက်စစ်မှူး မာရီယို ဘာလော့တယ်လီ။*

**အင်တာနက်။**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် UNDP လက်ထောက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ ဆုံ

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibberအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ ဆုံစဉ်။** (သတင်းစဉ်)



နေပြည်တော် မေ ၁၇

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ ဆုံသည်။**

ထိုသို့လက်ခံတွေ့ ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့ လာရောက်ပြီးနောက် မြန်မာနိုင်ငံအတွက် လက်တွေ့ဖွံ့ဖြိုးမှုအစီအစဉ်များကို လွှတ်တော်နှင့် လက်တွဲဆောင်ရွက်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန် ဖြစ်ပေါ်လာစေရေးအတွက် UN နှင့် UNDP တို့မှ ကူညီဆောင်ရွက်ပေးရေး၊ ယခင်က မြန်မာနိုင်ငံကို ကူညီထောက်ပံ့ရန် အကန့်အသတ်များ ရှိခဲ့သော်လည်း ယခု အကန့်အသတ်များဖယ်ရှားနေပြီဖြစ်၍ ပိုမိုဆောင်ရွက်ပေးနိုင်ရေး၊ လွှတ်တော်နှင့် လွှတ်တော်ဆိုင်ရာ အကူအညီပေးရေး၊ လွှတ်တော်ကိုယ်စားလှယ်များအား အရည်အသွေးမြှင့်တင်ပေးနိုင်ရေး၊ လွှတ်တော်စာကြည့်တိုက်အတွက် လိုအပ်သည့် စာအုပ်စာစောင်များ ပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲလာမှုနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းသွားနိုင်ရေး၊ GDP တစ်ခုတည်းသာ တိုးတက်ရေးမဟုတ်ဘဲ နိုင်ငံသားများ၏ လူနေမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုပါ ဆောင်ရွက်ပေးနိုင်ရေး၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးပုံစံနှင့် အကောင်အထည်ဖော်မှုများကိုလည်း စနစ်တကျ ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၌ သယံဇာတပေါကြွယ်ဝပြီးဖြစ်၍ နည်းပညာများပံ့ပိုးပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

**လာရောက် တွေ့ဆုံ**

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏချုတ် လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ထိုင်းသံအမတ်ကြီး လာရောက်တွေ့ ဆုံ



နေပြည်တော် မေ ၁၇

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏချုတ်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လာရောက်တွေ့ ဆုံသည်။**

ထိုသို့လက်ခံတွေ့ ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိရေးနှင့် နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုတိုးတက်ခိုင်မြဲစေရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

## သတင်းအညွှန်း

**မြန်မာ-နယူးဇီလန် ဆွေးနွေးပွဲ ကျင်းပ**

ပြည်တွင်းသတင်း စာမျက်နှာ - ၆

**နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး**

ပြည်တွင်းသတင်း စာမျက်နှာ - ၈

**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

*အင်တာနက် ပြည့်ဖြိုးမြဲစွမ်းအင်သတင်း*

# စွမ်းအင်အရင်းအမြစ်သစ်များကိုသာသုံးစွဲရန် ကျွန်းနိုင်ငံငယ်များ အားထုတ်လာ

**ဇင် ထူး**

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၏ ခြိမ်းခြောက်မှုကို အများဆုံး ရင်ဆိုင်နေကြရသည့် ပစိဖိတ်ကျွန်းနိုင်ငံငယ်များသည် ကမ္ဘာကြီးပူနွေးလာခြင်း၏ အခြေခံအကြောင်းတရားတစ်ခုဖြစ်သော ဒီဇယ်ဆီနှင့်တကွ ပတ်ဝန်းကျင်ညစ်ညမ်းစေကာကုန်ကျစရိတ်လည်း ကြီးမားသည့် အခြားလောင်စာဆီများသုံးစွဲမှုကို စွန့်လွှတ်၍ သန့်ရှင်းသည့် စွမ်းအင်အရင်းအမြစ်များကိုသာ အသုံးပြုကြရန် သန္နိဋ္ဌာန်ပြုလိုက်ကြသည်။

နယူးဇီလန်နှင့် ဟာဝိုင်ယီအကြား ခရီးတစ်ဝက်တွင် တည်ရှိသော ကျွန်းသုံးခု စုစည်းပါဝင်သည့် တိုးကလောင်း (Tokelau) ကျွန်းနယ်မြေက အုန်းသီးမှထုတ်လုပ်သည့် ဇီဝလောင်စာနှင့် နေရောင်ခြည်စွမ်းအင်တို့ကို ယခုနှစ်အတွင်း အပြည့်အဝသုံးစွဲရန် စီမံလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းရှိ အခြားကျွန်းနိုင်ငံငယ်များမှ ခေါင်းဆောင်များကလည်း လွန်ခဲ့သည့်ရက်သတ္တပတ်က ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ဘာဘေးဒိုးစ်နိုင်ငံအစိုးရတို့၏ ကမကထပြုမှုဖြင့် ကျင်းပခဲ့သည့် ညီလာခံတစ်ရပ်တွင် စွမ်းအင်သစ်များ ရှာဖွေသုံးစွဲရန် ကတိကဝတ်ပြုခဲ့ကြသည်။

ကွတ်ကျွန်းများနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ တူဗာလူတို့က ၂၀၂၀ ပြည့်နှစ်တွင် ၎င်းတို့၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ပြန်ပြည့်မြဲ အရင်းအမြစ်သစ်များမှ အပြည့်အဝ ထုတ်လုပ်သုံးစွဲသွားရန် ရည်မှန်းလျက်ရှိကြပြီး ကာရစ်ဘီယံ ပင်လယ်အတွင်းရှိ စိန့်ဗင်းဆင့်နှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့✳**



**ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရသော တူဗာလူနိုင်ငံ။**